# ကြေးမုံ The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့ (24-3-2014) (၇၇၉၄)


**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

(၂၃-၃-၂၀၁၄)

မြိတ်

၁ ဒသမ ၀၇ လက်မ

ဟားခါး

သုည ဒသမ ၃၉ လက်မ

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ၏ ကိုယ်ရေးအကျဉ်း



ဘရူနိုင်း ဒါရူဆလမ် နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်သည် ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီး တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဖြစ်ပါသည်။ ဘုရင်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် အတိုင်ပင်ခံကောင်စီ၊ ထီးနန်းဆက်ခံရေးကောင်စီ၊ ဘာသာရေးကောင်စီ၊ ဝန်ကြီးများကောင်စီနှင့် ဥပဒေရေးရာကောင်စီတို့မှ ကူညီပံ့ပိုးပေးပါသည်။

ဘုရင်ကို ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘရူနိုင်းမြို့ (ယခုဘန်ဒါဆရီဘီဂါဝန်မြို့)၌ မွေးဖွားခဲ့ပါသည်။

ဘုရင်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတွင် ဦးစွာပညာသင်ကြားခဲ့ပြီးနောက် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ဆက်လက်၍ ပညာဆည်းပူးခဲ့ပါသည်။ ဘုရင်သည် ၁၉၆၆ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ အင်္ဂလန်နိုင်ငံ၊ ဆင်းဟတ်စ်ရှိ တော်ဝင်စစ်တက္ကသိုလ်တွင် အရာရှိတစ်ဦးအဖြစ် လေ့ကျင့်သင်ကြားခဲ့ပါသည်။

ဘုရင်သည် ၁၉၆၁ ခုနှစ်၊ အသက်(၁၅)နှစ်အရွယ်တွင် အိမ်ရှေ့မင်းသားအဖြစ် တင်မြှောက်ခြင်းခံရပါသည်။ ဘုရင်သည် ဖခင်ဘုရင်ကြီး အယ်မာဟွန် ဆူလ်တန် ဟာဂျီ အိုမာအလီ ဆိုင်ဖူဒင်း ဆာ့အဒူ ခိုင်ရီဝါဒီယန် ထီးနန်းစွန့်လွှတ်ပြီးနောက် ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့တွင် ဘုရင့်အရိုက်အရာကို ဆက်ခံခဲ့ပါသည်။

ဘုရင်သည် ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၂၉) ဆက်မြောက် ဘုရင်အဖြစ် ဘိသိက်ခံခဲ့ပါသည်။

၁၉၇၈ ခုနှစ်တွင် ဘုရင်သည် ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ကာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံအား လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ရရှိနိုင်ရန်အတွက် အင်္ဂလန်နိုင်ငံ၊ ဘုရင်မကြီး၏ အစိုးရနှင့် ဆွေးနွေးရန် လန်ဒန်မြို့သို့ သွားရောက်ခဲ့ပါသည်။ ရလဒ်အဖြစ် ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ❋**

## ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် အမျိုးသားအဆင့် သမိုင်းဝင်သည့်ဆေးရုံကြီးဖြစ် မိုးဒဏ်လေဒဏ်ကိုကြံ့ကြံ့ခံရင်း အများအတွက် အကျိုးပြုနေဆဲဖြစ်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေကြသည့် ဝေဒနာရှင်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ မွန်းလွဲပိုင်းတွင် စိတ်ကျန်းမာရေးဆေးရုံတို့၌ ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။**

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ နံနက် ၈ နာရီတွင် လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးကုသဆောင်(၂)၊ ဆေးကုသဆောင်(၁)၊ ထိခိုက်ဒဏ်ရာ ခွဲစိတ်ကုသဆောင်နှင့် အရေးပေါ်နှင့် ပြင်ပလူနာ အထူးကုသဆောင်တို့၌ ဆေးဝါးကုသမှုခံယူနေကြသည့် ဝေဒနာရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။

ဆက်လက်၍ ခေတ်မီခွဲစိတ်ခန်းနှင့် ခေတ်မီကျန်းမာရေးဝန်ဆောင်မှု စက်ကိရိယာများ၊ အထူးကြပ်မတ်ကုသဆောင်များပါဝင်မည့် ငါးထပ်တိုးချဲ့ဆောင် ဆောက်လုပ်ရန် ဆောင်ရွက်နေမှု၊ ဓာတ်မှန်ရိုက်ခန်း၊ အထူးဓာတ်ခွဲစမ်းသပ်ခန်း၊ ခွဲစိတ်ရောဂါလူနာအရေးပေါ်ခန်း၊ နှလုံးလူနာဆောင်၊ အထွေထွေခွဲစိတ်ကုသဆောင်နှင့် TRAINING CENTRE၊ ဆေးစတိုခန်း၊ ကင်ဆာရောဂါကုသဆောင်ရှိ ဓာတ်ရောင်ခြည်ကုသရေးဌာနနှင့် အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် TRAINING CENTRE ခန်းမ၌ ဆေးရုံအုပ်ကြီး၊ ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအားတွေ့ဆုံသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ကျန်းမာရေးဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်း **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**






ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စိတ်ကျန်းမာရေးဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီး၊ ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**❋ ရွှေဖုံးမှ**

သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။ အဆိုပါ စာချုပ်အရ ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှစ၍ ဗြိတိန်အစိုးရသည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဆိုင်ရာများအား တာဝန်ယူဆောင်ရွက်နေခြင်းကို စွန့်လွှတ်ခဲ့ပါသည်။

ဘုရင်သည် မိဖုရား ဒူလီ ရာဂျာ အစ်စရီ ပင်ဂျီယန် အနတ်ခ် ဟာဂျာ ဆယ်လ်လီဟာနှင့် လက်ဆက်ခဲ့ပြီး သားတော်(၅)ပါးနှင့် သမီးတော်(၇)ပါး ထွန်းကားခဲ့ပါသည်။

ဘုရင်သည် ပိုလို၊ စကွက်ချ်နှင့် ကြက်တောင်ရိုက် ကစားနည်းများကို ကစားပါသည်။ ဘုရင်သည် လေယာဉ်နှင့် ရဟတ်ယာဉ်မောင်းနှင်ရာတွင် ကျွမ်းကျင်သူ လေယာဉ်မှူးတစ်ဦးဖြစ်ပါသည်။

ဘုရင်သည် ဘရူနိုင်းထီးစဉ်နန်းဆက်နှင့် အခြားသော ဘရူနိုင်းဒါရူဆလမ် အာဏာပိုင်များ၏ ဦးသျှောင်နှင့် အကြီးအကဲအဖြစ် ထမ်းဆောင်နေသူဖြစ်ပါသည်။ ၎င်းပြင် ဘုရင်သည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးနှင့် ဆုတံဆိပ်များကိုလည်း ချီးမြှင့်ခံရသူ ဖြစ်ပါသည်။

**“အတက်ရောဂါ ကာကွယ်ကုသဖို့၊ မျှော်မှန်းချက်ထားလို့ ကြိုးပမ်းစို့”**

**"Hope for Epilepsy"**

မြန်မာနိုင်ငံအတက်ရောဂါစီမံချက်
ကျန်းမာရေးဝန်ကြီးဌာန

**❍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ**

ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို မေးမြန်းပြီး အမှာစကားပြောကြားရာတွင် “ဤဆေးရုံကြီး၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုများကို ပြန်ကြည့်ရန်နှင့် ဝန်ထမ်းများကို နှုတ်ဆက်အားပေးရန် ယခုတစ်ခေါက် ထပ်မံလာရောက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် သက်တမ်း အရှည်ဆုံး၊ အစဉ်အလာအကြီးမားဆုံး ဆေးရုံကြီးကိုပြပါဆိုလျှင် ခုတင်(၁၅၀၀)ဆံ့ ဤဆေးရုံကြီးကို ပြရမည်ဖြစ်ပါကြောင်း၊ အဆောက်အအုံ အနေဖြင့် သက်တမ်းနှစ်(၁၀၀)ကျော်ပြီဖြစ်သည့်အတွက် လူနှင့်နှိုင်းယှဉ်ရမည်ဆိုလျှင် တုတ်ကောက်ကိုင် လမ်းလျှောက်ရမည့် အဆင့်မကတော့ဘဲ Wheel Chair ဖြင့်သွားရမည့် အဆင့်ကို ရောက်နေပြီဖြစ်ပါကြောင်း၊ National Heritage အနေဖြင့် Museum ထဲပြရမည့် သက်တမ်းရောက်သည့် အဆောက်အအုံ ဖြစ်သော်လည်း အမျိုးသားအဆင့် သမိုင်းဝင်သည့် ဆေးရုံကြီးဖြစ်သည်နှင့်အညီ လူမှုရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းကပါ စိတ်ဝင်စားသည့်အတွက် လုပ်ငန်းများဆက်လုပ်နိုင်အောင် ဘယ်လို ဘယ်နည်း ဘယ်ပုံဖြင့် ပြုပြင်ထိန်းသိမ်းသွားကြမည်ဆိုသည်ကို လူပုဂ္ဂိုလ်အတော်များများ၏ နှုတ်ဖျားတွင် ရေပန်းစားသည့် ဆေးရုံကြီးပင်ဖြစ်ပါကြောင်း၊ အသက်ကြီးသော်လည်း လုပ်ငန်းအား ဆောင်ရွက်နေရသည့်အပြင် ဆရာဝန်၊ ဆရာမ၊ ဆေးကျောင်းသား ကျောင်းသူ၊ လူနာ၊ လူနာစောင့်များနှင့် မိုးဒဏ်လေဒဏ်ကိုကြံ့ကြံ့ခံရင်း အများအတွက်အကျိုးပြုနေဆဲပင်ဖြစ်ပါကြောင်း၊ ယင်းသို့အစဉ်အလာကြီးမားသည့် ဆေးရုံကြီးတွင် နေ့မအား ညမအား တာဝန်ထမ်းဆောင်နေကြသော ဆရာကြီး ဆရာမကြီး၊ ဝန်ထမ်းများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းကို နိုင်ငံ့ကိုယ်စားပြောကြားလိုပါကြောင်း၊ ကျန်းမာရေးကဏ္ဍမှာ သာမန်အားဖြင့်ကြည့်မည်ဆိုလျှင် Promotive, Preventive, Curative နှင့် Rehabilitative လေးခု ရှိသည့်အထဲတွင် ဆေးရုံကြီး၏လုပ်ငန်းတာဝန်အနေဖြင့် ကုသရေးတစ်ခုတည်း သက်ဆိုင်သည်ဟုထင်ရသော်လည်း တကယ်တော့ လေးခုစလုံးနှင့် သက်ဆိုင်ပါကြောင်း၊ ကုသရေးကို တာဝန်ယူရသည်ဆိုသော်လည်း ကာကွယ်ရေးတို့ကိုပါ ကူညီပေးကြရန်လည်းလိုမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဝိုင်းကူပြီးလုပ်ပေးမှ ဆေးရုံပေါ်ကို ရောက်ရှိလာသည့် ဝန်ထုပ်ဝန်ပိုးများ လျော့သွားနိုင်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်တွင်ရှိသည့် ဆေးရုံကြီး (၅)ရုံကို လှည့်လည်ကြည့်ရှုခဲ့ရာတွင် များသောအားဖြင့် ဝန်ထမ်း၊ ဝန်ထမ်းအိမ်ရာလိုအပ်ချက်၊ ခွဲခန်းများမလုံလောက်ခြင်း၊ အဆောက်အအုံမလုံလောက်ခြင်းများကို တွေ့ရပါကြောင်း၊ ယခုဆေးရုံကြီးအနေဖြင့်လည်း အလားတူ အခက်အခဲများရှိလိမ့်မည်ဖြစ်ပါကြောင်း၊ ယခုတင်ပြသည့်အခက်အခဲများကို လိုအပ်သလိုညှိနှိုင်းပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း” ဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တာဝန်ရှိသူများက တင်ပြကြသည့်လိုအပ်ချက်များနှင့် အထွေထွေအကြံပြုဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ၁၈၇၂ ခုနှစ်တွင် ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှင့် မျက်နှာချင်းဆိုင်မြေကွက်တွင် ကျွန်းသားဖြင့် အဆောက်အအုံဆောက်လုပ်ပြီး ၁၈၇၃ ခုနှစ်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးကို စတင်ဖွင့်လှစ်ခဲ့သည်။

၁၉၀၅ ခုနှစ် မေ ၆ ရက်တွင် ပင်မအဆောင်ကို လက်ရှိနေရာတွင် အုတ်မြစ်ချတည်ဆောက်ခဲ့ရာ ၁၉၁၁ ခုနှစ်တွင် လုံးဝပြီးစီးခဲ့သည်။ မြေညီထပ်အပါအဝင် (၄)ထပ်အဆောက်အအုံဖြစ်ပြီး ခုတင်(၃၄၂)လုံးဆံ့ ဆေးရုံကြီးအဖြစ် ရူပီးငွေသိန်း(၄၀)ကျော် ကျခံတည်ဆောက်ခဲ့ကြောင်း မှတ်တမ်းများအရသိရှိရသည်။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီးတွင် ခုတင်(၅၄၆)ဆံ့အဖြစ်လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ခုတင်(၁၅၀၀)ဆံ့ ဆေးရုံအဖြစ် အထူးဆေးကုသဆောင်များကိုလည်းကောင်း ဆောက်လုပ်ကာ တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ်ရှိ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံသို့ ရောက်ရှိကြပြီး မွေးကင်းစကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ အထွေထွေလူနာဆောင်၊ ဆေးတက္ကသိုလ်(၂) မေ့ဆေးပညာဌာနနှင့် ပင်မခွဲစိတ်ခန်း၊ သားဖွားဆောင်အပါအဝင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေသည့် ဝေဒနာရှင်လူနာများအား နှုတ်ဆက်အားပေးစကားပြောကြားကာ သင်ကြားရေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအားတွေ့ဆုံသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက ဆေးရုံကြီးနှင့် သက်ဆိုင်သည့် အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ဆေးရုံတိုးချဲ့ရေးနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက “ယခုဆေးရုံအပါအဝင် ဆေးရုံ(၇)ရုံသို့ မိမိတို့သွားရောက်ကြည့်ရှုခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆေးရုံအတွက်လိုအပ်သည့် အဆောက်အအုံနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းအင်အားများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များကိုလည်း ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆေးရုံအတွင်း သန့်ရှင်းသပ်ရပ်ရေးအတွက် အစဉ်တစိုက်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း”ဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီး ရန်ကုန်သို့ရောက်ရှိကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံကြီးအပန်းဖြေခန်းမ၌ ဆေးရုံအုပ်ကြီး၊ ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအားတွေ့ဆုံသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွန်းက စိတ်ကျန်းမာရေးဆေးရုံကြီးနှင့်သက်ဆိုင်သည့် အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက “ယနေ့ စိတ်ကျန်းမာရေးဆေးရုံသို့ လာရောက်ခြင်းမှာ ဆေးရုံ၏လိုအပ်ချက်နှင့် ဝန်ထမ်းများကို နှုတ်ဆက်အားပေးရန်ဖြစ်ပါကြောင်း၊ ယခုတင်ပြကြသည့် လိုအပ်ချက်များကို တိုင်းဒေသကြီးအပိုင်း၊ ဝန်ကြီးဌာနအပိုင်း၊ သက်ဆိုင်ရာအပိုင်းအလိုက် ဆောင်ရွက်ပေးရန်လိုပါကြောင်း၊ နိုင်ငံတော်အပိုင်းနှင့် သက်ဆိုင်သည်များကိုလည်း ပြန်လည်သုံးသပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် လိုအပ်ချက်များရှိပါကလည်း တင်ပြကြစေလိုပါကြောင်း” ဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လက်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးကို ၂၀၀၂ ခုနှစ် မတ် ၁ ရက်နေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**



# မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဒုံးကျည် စမ်းသပ်ပစ်ခတ်မှုများ ဆက်လက်ပြုလုပ်

ဆိုးလ်   မတ်   ၂၃

**လွန်ခဲ့သည့်တစ်ရက်အတွင်းက တာတိုပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုများကို မြောက်ကိုရီးယားနိုင်ငံက လုပ်ဆောင်ခဲ့ပြီး ဒုံးပျံအရေအတွက် ဒါဇင်နှင့်ချီ၍ ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့သည်။ မြောက်ကိုရီးယား၏ ယင်းဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများက တောင်ကိုရီးယားနိုင်ငံအပေါ် ၎င်း၏ အမျက်ဒေါသထွက်မှုကို သိသာထင်ရှားစေကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။**



တောင်ကိုရီးယားနှင့် အမေရိကန်တို့ နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်စဉ်ကာလ များအတွင်း မြောက်ကိုရီးယားက ယင်း၏ ဒုံးလက်နက်များ စမ်းသပ်ပစ်ခတ်လေ့ရှိရာ ၂၀၁၃ခုနှစ် ယင်းကာလအတွင်းက မြောက်ကိုရီးယား၏ ဒုံးလက်နက်ပစ်ခတ်မှုအား တွေ့ရစဉ်။

မြောက်ကိုရီးယားနိုင်ငံက ယင်းဒုံးကျည်စမ်းသပ်ပစ်ခတ်မှုသည် တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မှုအား ဆန့်ကျင်ကြောင်းပြသခြင်း ဖြစ်သည်ဟု အကဲခတ်သမားများက ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံက မတ်လ ၂၃ ရက် နံနက်ပိုင်းတွင် ပင်လယ်ပြင်အတွင်းသို့ တာတိုပစ် ဒုံးကျည် ၁၆ စင်း ပစ်ခတ်ခဲ့ပြီး ယင်းပစ်ခတ်မှုမှာ မတ်လ ၂၂ ရက်က တာတိုပစ်ဒုံးကျည်အစင်း ၃၀ အား ပစ်ခတ်မှုအပြီး နောက်ဆက်တွဲအဖြစ် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံမှ ထုတ်ပြန်သောကြေညာချက်တွင်မူ ယင်းဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများသည် ၎င်း၏ ကိုယ်ပိုင်ကာကွယ်ရေးအစီအစဉ်အရ လုပ်ရိုးလုပ်စဉ်အဖြစ် ဖော်ပြခဲ့သည်။ သို့သော်လည်း အမေရိကန်နှင့်တောင်ကိုရီးယား နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ၎င်းနိုင်ငံအပေါ် ကျူးကျော်စစ်ဆင်နွှဲရန် လေ့ကျင့်ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ခါးခါးသီးသီးဝေဖန်ခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည့်အချိန်တိုင်းနှင့် ချိန်ကိုက်ကာ အထီးကျန်မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ကာကွယ်ရေးတပ်ဖွဲ့များ၏ စွမ်းအားကို ထုတ်ဖော်ပြသလေ့ရှိသည်။

မြောက်ကိုရီးယားနိုင်ငံက ယခုလအတွင်း တာတိုပစ်ဒုံးကျည်အစင်း ၇၀ ခန့်ကို စမ်းသပ်ပစ်ခတ်မှုပြုခဲ့ပြီးဖြစ်ကြောင်း၊ ယင်းတို့အနက် ဒုံးကျည် ၄၆ စင်းမှာ ယခုရက်သတ္တပတ်ကုန်အတွင်း ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ ယခုနှစ်တွင်ကျင်းပသော တောင်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံ ပုံမှန်ပူးတွဲစစ်ရေးလေ့ကျင့်စဉ်ကာလ အတွင်း မြောက်ကိုရီးယားတို့ ပစ်လွှတ်ခဲ့သော တာတိုပစ် ဒုံးကျည်အရေအတွက်မှာ ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက အမြင့်မားဆုံးဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **ဘီဘီစီ။**



ခရိုင်းမီးယားရှိ ယူကရိန်းလေတပ်စခန်းကို ရုရှားသို့မဟုတ် ရုရှားလိုလားသော တပ်ဖွဲ့များ ဝင်စီးနေစဉ်။

# ဝါရှင်တန်ပြည်နယ်၌ မြေပြို သုံးဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရ

ဝါရှင်တန်   မတ်   ၂၃

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်တွင် မတ် ၂၃ ရက်က မြေပြိုမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရမှုဖြစ်ပွားခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မြေပြိုမှုဖြစ်ပွားခြင်းကြောင့် လူနေအိမ်ခြေခြောက်လုံးပျက်စီးခဲ့ပြီး ယင်းနေရာမှာ ဆီယက်တဲပြည်နယ်အတွင်းရှိ အိုဆိုမြို့အနီး၌ ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မြေပြိုမှုဖြစ်ပွားသည့် ဧရိယာသည် ၄၁ မီတာ(၁၃၅ ပေ) ကျယ်ပြီး ၅၄ မီတာအနက်ရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များကပြောကြားသည်။

မြေပြိုမှုဖြစ်ပွားရာနေရာတွင် လူနှစ်ဦးမှာပွဲချင်းပြီးသေဆုံးသည်။ အခြားတစ်ဦးမှာ ဆေးရုံ၌သေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားပြီး ထိခိုက်ဒဏ်ရာရရှိသူများအထဲတွင် ခြောက်လသားအရွယ် ကလေးငယ်တစ်ဦးလည်း ပါဝင်သည်ဟုဆိုသည်။ **ဘီဘီစီ။**

# ခရိုင်းမီးယားရှိ ယူကရိန်းလေတပ်စခန်းကိုဝင်စီး၍ တပ်မှူးကိုဖမ်းဆီးထား

ကီယက်   မတ်   ၂၃

ခရိုင်းမီးယားရှိ ယူကရိန်းလေတပ်စခန်းကို ရုရှားလိုလားသော တပ်ဖွဲ့များက ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး ၎င်းစခန်း၏ တပ်မှူးကို ဖမ်းဆီးထားခဲ့ရာ ယူကရိန်းခေတ္တသမ္မတက လွှတ်ပေးရန် တနင်္ဂနွေနေ့တွင် တောင်းဆိုခဲ့သည်။

ဆီဗတ်(စ်)တိုမိုလ်းအနီးရှိ ယူကရိန်းဆဲလ်ဘက်လေတပ်စခန်း၏ အုတ်နံရံတံတိုင်းများကို စစ်သည်တင်သံချပ်ကာယာဉ်များဖြင့် ဖျက်ဆီးပြီး စခန်းအတွင်းဝင်ရောက်ကြသည်။ လက်ပစ်ဗုံးများဖြင့် ပစ်ခြင်း၊ သေနတ်များဖြင့် ပစ်ခတ်ခြင်းများပြုလုပ်၍ စခန်းတပ်မှူးဗိုလ်မှူးကြီး ယူလိုင်ပန်ချာကို ဖမ်းဆီးခဲ့ကြသည်။ ယင်းဖြစ်စဉ်တွင် ယူကရိန်းစစ်ဘက်ဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါတပ်ဖွဲ့များသည် ရုရှားတပ်ဖွဲ့များ သို့မဟုတ် ရုရှားလိုလားသော ဒေသခံပြည်သူ့စစ်များဖြစ်သည်ကို ရှင်းလင်းစွာမသိရပေ။

ယူကရိန်းသမ္မတ အိုလက်စန္ဒြာတာချီနော့ဗ်က ကြေညာချက်ထုတ်ပြန်ရာတွင် ပန်ချာမှာ ပြန်ပေးဆွဲခံထားရကြောင်း ၎င်းကိုမည်သည့်နေရာ၌ ဖမ်းဆီးထားသည်ကို တိကျစွာမသိရှိရကြောင်း ဖော်ပြထားသည်။

သို့သော် ထင်ရှားသောနိုင်ငံရေးသမား ဗီတာလီကလစ်ချ်ကိုက ပန်ချာကိုရုရှားတပ်ဖွဲ့များက ဖမ်းဆီးထားပြီး ခရိုင်းမီးယားမြို့တော် ဆီဗက်ခ်တိုမိုလ်းတွင် အကျဉ်းချထားကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ အဆိုပါမြို့တော်၌ ရုရှားပင်လယ်နက်ရေတပ်ဖွဲ့ စစ်စခန်းရှိသည်။ **အေပီ။**

# ဆီးရီးယားလေယာဉ်အား တူရကီပစ်ချ

အစ္စတန်ဘူ   မတ်   ၂၃

တူရကီတပ်ဖွဲ့များသည် ၎င်းတို့၏ လေကြောင်း ပိုင်နက်အတွင်းသို့ နယ်စပ်ကိုဖြတ်ကျော်ပျံသန်းလာသော ဆီးရီးယားလေယာဉ် တစ်စင်းကို တနင်္ဂနွေနေ့တွင် ပစ်ချခဲ့သည်။

ဝန်ကြီးချုပ် တေယစ်အာဒိုဂန်က ဆီးရီးယားလေယာဉ်တစ်စင်းသည် တူရကီလေကြောင်းပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ကြောင်း၊ ၎င်းတို့၏ အက်ဖ် ၁၆ တိုက်လေယာဉ်များက ပျံတက်ကာကျူးကျော်လေယာဉ်ကို ပစ်ချခဲ့ကြောင်း နိုင်ငံ၏ အနောက်မြောက်ပိုင်း၌ ၎င်းကို ထောက်ခံသူများနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

တူရကီနှင့် ဆီးရီးယားနယ်စပ်ဒေသ၊ ကာဆက်နယ်ခြားစခန်းကို ထိန်းချုပ်နိုင်ရေးအတွက် သူပုန်များနှင့် အစိုးရတပ်ဖွဲ့များသည် သောကြာနေ့ကတည်းက အပြင်းအထန် တိုက်ခိုက်လျက်ရှိသည်။ အစိုးရတပ်များက ထိုးစစ်ဆင်လျက်ရှိကြောင်း သူပုန်များကို တူရကီတပ်များက ထောက်ခံပေးလျက်ရှိကြောင်း ဆီးရီးယားအာဏာပိုင်များက ပြောကြားသည်။

၎င်းတို့ပိုင်နက်နယ်မြေအတွင်း၌ သူပုန်များကို တိုက်ခိုက်လျက်ရှိစဉ် ၎င်းတို့လေယာဉ်တစ်စင်းကို တူရကီက ပစ်ချခဲ့ကြောင်း ယင်းလုပ်ရပ်သည် ပေါ်ပေါ်ထင်ထင်ကျူးကျော်ရန်စခြင်းဖြစ်ကြောင်း ဆီးရီးယားအစိုးရက ပြောကြားသည်။ **ရိုက်တာ။**

# လစ်ဗျားအစိုးရတပ်နှင့် သူပုန်များ တိုက်ပွဲဖြစ် ၁၆ ဦးဒဏ်ရာရရှိ



လစ်ဗျားရေနံတင်ဆိပ်ကမ်းတစ်ခုနှင့် ရေနံတင်ရန် စောင့်ဆိုင်းနေသော သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

ဘင်ဂါဇီ(လစ်ဗျား)   မတ်   ၂၃

**ရေနံဆိပ်ကမ်းများကို ထိန်းချုပ်ထားသည့် လစ်ဗျားသူပုန်များက စနေနေ့တွင် အစိုးရကြည်းတပ် စစ်စခန်းကို တိုက်ခိုက်ရာမှ တိုက်ပွဲများဖြစ်ပွားခဲ့ရာ ၁၆ ဦးဒဏ်ရာရရှိကြောင်း၊ ယင်းနောက် မျိုးနွယ်စုခေါင်းဆောင်များက ကြားဝင်ဖြန်ဖြေပေးသဖြင့် တိုက်ပွဲများ ရပ်ဆိုင်းသွားကြောင်း ဒေသတွင်း နေထိုင်သူများနှင့် နိုင်ငံပိုင်သတင်းဌာနက ပြောကြားသည်။**

သူပုန်ခေါင်းဆောင် အီဗရာဟင်ဂျာရန်၏ ဇာတိရပ်မြေ အဂျစ်ဒါဘီယာမြို့၌ လေယာဉ်ပစ် လက်နက်ပစ်ခတ်သံများ၊ ပေါက်ကွဲသံများကို သောကြာနေ့ ညနေခင်းပိုင်းတွင်လည်းကောင်း၊ စနေနေ့ အရုဏ်တက်ချိန်တွင်လည်းကောင်း ကြားရသည်။

ဂျာရန်၏ တိုက်ခိုက်ရေးသမားများသည် လစ်ဗျားနိုင်ငံ၏ ရေနံမှရရှိသော အခွန်တော်ငွေကိုများပြားစွာ ခွဲဝေပေးရေးတောင်းဆိုရန်အတွက် ဆိပ်ကမ်းသုံးခုကိုသိမ်း ပိုက်ထားခဲ့ကြသည်။

သူပုန်များနှင့် အစိုးရတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားခြင်းကို ရပ်ဆိုင်းသွားရန် မျိုးနွယ်စု ခေါင်းဆောင်များက စနေနေ့နှောင်းပိုင်းတွင် ကူညီခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနဆာနာက ပြောသည်။

ပြည်ပသို့ရေနံတင်ပို့မှုများလျော့ကြစေသည့် ပိတ်ဆို့မှုများကို ဖြိုခွင်းရေးအတွက် ထိုးစစ်ဆင်ရန် အစိုးရတပ်ဖွဲ့များက ပြင်ဆင်ခြင်းဖြစ်ဖွယ်ရာရှိသည်ဟုဆိုသည်။

တိုက်ပွဲများအတွင်း ၁၆ ဦးဒဏ်ရာရရှိသည်ဟု ဆာနာသတင်းဌာနက ဖော်ပြသည်။

မြေထဲပင်လယ်၌ အမေရိကန်ကွန်မန်ဒိုများကလွန်ခဲ့သည့်တနင်္ဂနွေနေ့တွင် ဖမ်းဆီးခဲ့သော ရေနံတင်သင်္ဘောသည် လစ်ဗျားနိုင်ငံသို့ ပြန်လည် မရောက်ရှိသေးမီ နာရီပိုင်းတွင် အဆိုပါတိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၎င်းရေနံတင်သင်္ဘော "မော်နင်းဂလိုရီ"သည် အမေရိကန်ရေတပ်၏ ကာကွယ်စောင့်ရှောက်မှုဖြင့် စနေနေ့တွင် လစ်ဗျားသို့ ရောက်ရှိမည်ဟု မျှော်လင့်ရသည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

# မြန်မာ၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့အကြား ငါးလုပ်ငန်းဆိုင်ရာ နည်းပညာဖလှယ်ရေး အပြည်ပြည်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဆပ်ကော်မတီ (Delivery Unit) ဥက္ကဋ္ဌ ဦးခင်မောင်အေးသည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo University of Marine Science and Technology (TUMSAT) တွင် မတ် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် ငါးလုပ်ငန်းဆိုင်ရာနည်းပညာ ဖလှယ်ရေး အပြည်ပြည်ဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မတ် ၁၇ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုအဏ္ဏဝါသိပ္ပံနှင့် နည်းပညာတက္ကသိုလ်ရှိ ကျောင်းအုပ်ကြီး၊ ပါမောက္ခများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးရာတွင် ဂျပန်နိုင်ငံ တိုကျိုအဏ္ဏဝါသိပ္ပံနှင့် နည်းပညာတက္ကသိုလ် (TUMSAT) နှင့် မြန်မာနိုင်ငံ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနတို့အကြား ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ JDS အစီအစဉ်ဖြင့် ပညာတော်သင်များ ထောက်ပံ့ကူညီပေးရေးဆိုင်ရာ သဘောတူညီချက်စာ (Letter of Agreement) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထို့ပြင် ငါးမွေးမြူရေးဆိုင်ရာ အဆင့်မြင့်နည်းပညာများ ထောက်ပံ့ကူညီပေးနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးလုပ်ငန်းများဖြစ်သော ကျောက်ငါးမွေးမြူသားဖောက်ခြင်း နည်းပညာ၊ ငါးရှဉ့် ငါးသားဖောက်မွေးမြူခြင်း နည်းပညာများဖွံ့ဖြိုးလာရန် ကူညီရေး၊ မြန်မာနိုင်ငံ၌ ရေလုပ်ငန်းဆိုင်ရာ တက္ကသိုလ်(သို့မဟုတ်) ကျွမ်းကျင်မှုအတတ်ပညာသင်ကျောင်း ပေါ်ထွန်းလာရေးအတွက် နည်းပညာများ၊ စီမံကိန်းအထောက်အပံ့များ ရရှိစေရန် ပူးပေါင်းဆောင်ရွက်ရေးများကို အသေးစိတ်ဆွေးနွေးခဲ့သည်။ မတ် ၁၈ ရက်တွင် တိုကျိုမြို့ TUMSAT တက္ကသိုလ်၏ Shinagawa-Campus, Rakusui Hall ၌ ကျင်းပသော "Seminar on Promoting Activity for Collaboration in Fisheries Science within Vietnam, Myanmar and Japan" မြန်မာ၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့ အကြား ငါးလုပ်ငန်းဆိုင်ရာ နည်းပညာဖလှယ်ရေး အပြည်ပြည်ဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မြန်မာ၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံ၏ TUMSAT တက္ကသိုလ်တို့အကြား ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ပိုမိုတိုးမြှင့်လုပ်ဆောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် မြန်မာနိုင်ငံ၏ ရေလုပ်ငန်းဖွံ့ဖြိုးမှုအခြေအနေများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးက ဆွေးနွေးခြင်း၊ ဗီယက်နမ်နိုင်ငံ Can Tho University နှင့် Hanoi University of Agriculture တို့၏ ပါမောက္ခများက ၎င်းတို့တက္ကသိုလ်ရှိ သက်ဆိုင်ရာ Faculty များ၏ သုတေသန ဆောင်ရွက်ချက်များ၊ သင်ကြားပေးနိုင်သော ပညာရပ်များကို မိတ်ဆက်တင်ပြခြင်းနှင့် ဂျပန်နိုင်ငံ TUMSAT တက္ကသိုလ်၏ ပါမောက္ခများက ၎င်းတို့ Faculty များ၏ လုပ်ဆောင်ချက်များကို မိတ်ဆက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ တိုကျိုမြို့ TUMSAT တက္ကသိုလ်၏ ပါမောက္ခချုပ်နှင့် TUMSAT ၏ Faculty of Marine Science မှ ပါမောက္ခများ၊ Faculty of Marine Technology ပါမောက္ခများ၊ ဗီယက်နမ်နိုင်ငံ Can Tho University မှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ Hanoi University of Science and Technology နှင့် Hanoi University of Agriculture မှ ပါမောက္ခများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းဖွံ့ဖြိုးမှုအခြေအနေများနှင့် ရင်းနှီးမြှုပ်နှံနိုင်မှု အလားအလာများ၊ ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပညာတော်သင်များ တိုးမြှင့်ခေါ်ယူရေးတို့ကို အသေးစိတ် ဆွေးနွေးပြီး (TUMSAT) တက္ကသိုလ်အတွင်း၌ ပါရဂူဘွဲ့ သုတေသနပြုလုပ်နေမှုများကို လေ့လာကြည့်ရှုခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံ၏ ငါးသယံဇာတ အရင်းအမြစ်များကို သုတေသနပြုလေ့လာသော Research Vessel သို့ သွားရောက်လေ့လာပြီး မြန်မာရေပြင်၌ တူနာငါးများ တည်ရှိမှုအခြေအနေကို လေ့လာရန် အကူအညီပေးနိုင်ရေးများ ဆွေးနွေးကြသည်။

မတ် ၁၉ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ဂျပန်နိုင်ငံ၏ ငါးလေလံဈေးကြီးဖြစ်သော Tsukiji Market ခေါ် Tokyo Metropolitan Wholesale Market သို့ သွားရောက်ပြီး တူနာငါးနှင့် အခြားငါးပုစွန်မျိုးများ ရောင်းဝယ်ဖောက်ကားနေမှုနှင့် လေလံဈေးကြီး၏ ဈေးတည်ဆောက်ထားရှိမှုကို လေ့လာ၍ ဈေးတာဝန်ခံ TOREI ကုမ္ပဏီအကြီးအကဲများနှင့် တွေ့ဆုံ၍လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးအဖွဲ့အစည်းဖြစ်သော JETRO အဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍လည်းကောင်း၊ မြန်မာရေထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရေးတွင် ဂျပန်နိုင်ငံကုမ္ပဏီများမှ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်ရေးကို ဆွေးနွေးခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် JICA ရုံးချုပ်၌ JICA ၏ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့နှင့်တွေ့ဆုံ၍ တိရစ္ဆာန်မွေးမြူရေးကဏ္ဍဆိုင်ရာ ခွာနာလျှာနာရောဂါကာကွယ်ထိန်းချုပ်ရေးစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မွေးမြူရေးငါးများ ပိုမိုထိရောက်အကျိုးရှိစွာ ထုတ်လုပ်နိုင်ရန်အတွက် ဖွံ့ဖြိုးရေးအထောက်အကူပြု စီမံကိန်းများ၊ တန်ဖိုးမြှင့်ရေထွက်ကုန်များ ထုတ်လုပ်နိုင်ရန် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍအတွက် ကျေးလက်မီးလင်းရေး၊ ကျေးလက်သောက်သုံးရေရရှိရေးနှင့် ကျေးရွာချင်းဆက်လမ်းတံတားများ တည်ဆောက်ရေးတို့အတွက် စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တိုကျိုမြို့ TUMSAT တက္ကသိုလ်၏ Shinagawa-Campus, Rakusui Hall ၌ "Seminar on Promoting Activity for Collaboration in Fisheries Science within Vietnam, Myanmar and Japan" ငါးလုပ်ငန်း ဆိုင်ရာနည်းပညာဖလှယ်ရေး အပြည်ပြည်ဆိုင်ရာအစည်းအဝေး ကျင်းပစဉ်။**

(သတင်းစဉ်)

# လူမှုစီးပွားဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟန်ချက်ညီ ထိန်းညှိဆောင်ရွက်

**နေပြည်တော် မတ် ၂၃**

တနင်္သာရီ တိုင်းဒေသကြီးတွင် ထိခိုက်ပျက်စီးမှုမရှိသေးသော အမြဲစိမ်းသစ်တောကြီးများနှင့် ရွက်ကြွေတောများ၊ ကမ်းရိုးတန်းတစ်လျှောက်၌ ဒီရေတောများ၊ ပင်လယ်နှင့် ကမ်းရိုးတန်းဂေဟစနစ်များ တည်ရှိပြီး မြေပေါ်၊ မြေအောက်၊ ကမ်းနီး၊ ကမ်းဝေး သယံဇာတများ ပေါကြွယ်ဝပြီး ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော တောင်တန်းများတွင် သစ်တောများ အများအပြား တည်ရှိနေသေးသောကြောင့် နယ်စပ်ဖြတ်ကျော် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် များစွာအရေးပါလှသည်။

မြန်မာ့ကမ်းလွန် ပင်လယ်ပြင်ရှိ ရတနာဓာတ်ငွေ့စီမံကိန်းနှင့် ရဲတံခွန်ဓာတ်ငွေ့စီမံကိန်းတို့မှ တူးဖော်ထုတ်လုပ်ရရှိသော သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ ပိုက်လိုင်းများ သွယ်တန်း၍ ပို့လွှတ်ရန်အတွက် တိုတယ်မြန်မာကုမ္ပဏီနှင့် ပရီးမီးယားကုမ္ပဏီ (ယခု ပီထရိုနပ်ကုမ္ပဏီ) တို့သည် လန်ဒန်အခြေစိုက် Environmental Resources Management ကုမ္ပဏီ၊ FORTECH and LePROVOST DAMES & MOORE ကုမ္ပဏီတို့ကို ငှားရမ်း၍ ၁၉၉၄ ခုနှစ်မှ စတင်ကာ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ခြေများကို ဆန်းစစ်လေ့လာခြင်းနှင့်အဆိုပါ ထိခိုက်မှုများကို လျော့နည်းစေသည့်လုပ်ငန်းစီမံချက်များ ရေးဆွဲခဲ့ကြသည်။

ထိုစီမံချက်များအရ ဓာတ်ငွေ့ပိုက်လိုင်းများ ဖြတ်သန်းသွားသည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ရှိ သစ်တောကြိုးဝိုင်းဧက ၄၂၀၀၀ အား သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်သတ်မှတ်၍ အပူပိုင်းမိုးသစ်တောကြီးများနှင့် ယင်းအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်တည်တံ့စေရန်အတွက် ဓာတ်ငွေ့ကုမ္ပဏီများ၏ ပတ်ဝန်းကျင်ထိခိုက်မှုအတွက် ပြန်လည်ပေးဆပ်သည့် အစီအစဉ် (Payment for Environmental Services) ဆိုင်ရာငွေကြေးပံ့ပိုးမှုဖြင့် တနင်္သာရီ သဘာဝကြိုးဝိုင်းစီမံကိန်းအား ၂၀၀၄-၂၀၀၅ ခုနှစ်မှစတင်၍ သစ်တောဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တနင်္သာရီသဘာဝကြိုးဝိုင်းအား ဇီဝမျိုးစုံမျိုးကွဲများကို ထိရောက်စွာ ကာကွယ်ရန်အတွက် အမာခံနယ်မြေ၊ ကျေးလက်ပြည်သူများ၏ လိုအပ်ချက်များကို စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးရန်နှင့် အမာခံထိန်းသိမ်းရေးနယ်မြေကို ကာကွယ်ပေးနိုင်မည့် ကြားခံနယ်မြေ၊ ဓာတ်ငွေ့ပိုက်လိုင်းများဖြတ်သန်းသည့် ဓာတ်ငွေ့ပို့ဆောင်ရေးနယ်မြေဟု ဇုန်သုံးခုခွဲ၍ စီမံအုပ်ချုပ်လျက်ရှိရာ သဘာဝကြိုးဝိုင်းအစပ်ရှိ ကြားခံနယ်မြေအတွင်းတွင် ပတ်ဝန်းကျင် ကျေးရွာများအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ခြင်း၊ ကျေးရွာအသုံးပြုမှုဇုန်များ တည်ထောင်ခြင်းလုပ်ငန်းများအား ကျေးလက်ပြည်သူများနှင့် ပူးပေါင်း၍သက်ဆိုင်ရာကျေးရွာများ၏ ပတ်ဝန်းကျင်များတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီ သဘာဝကြိုးဝိုင်း၏ ကြားခံနယ်မြေအတွင်း ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေသော ထိန်းသိမ်းရေးလုပ်ငန်းများ၊ သစ်တောထွက်ပစ္စည်း လိုအပ်ချက်များကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲရန် စီမံထားရှိမှုများကို ကြည့်ရှုအားပေးရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် မတ် ၁၇ ရက်မှ ၁၉ ရက်အထိ တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးထွက်ခွာသွားရောက်၍ တနင်္သာရီ သဘာဝကြိုးဝိုင်းစီမံကိန်းဒေသရှိ ကျေးရွာခုနစ်ရွာမှ ဒေသခံတိုင်းရင်းသားပြည်သူ ၃၄၂ ဦးနှင့် တွေ့ဆုံခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သဘာဝကြိုးဝိုင်း၏ အမာခံနယ်မြေအတွင်း ဖြတ်သန်းဖောက်လုပ်နေသော ဇောတိကဓာတ်ငွေ့ပိုက်လိုင်းကြောင်းနှင့် ဇောတိကဓာတ်ငွေ့တိုင်းတာရေးစခန်းလုပ်ငန်းခွင်အတွင်း ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရန် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မတ် ၁၈ ရက်တွင် ထားဝယ်မြို့နယ် မေတ္တာအဆိုပြုကြိုးပြင်ကာကွယ်တောအတွင်း ထားဝယ်-ထီးခီးလမ်းတစ်လျှောက်ရှိ ရေဝေရေလဲဒေသနှင့် ရေထိန်းတောများ၊ တနင်္သာရီမြစ်အတွင်း ရွှေတူးဖော်နေမှုများကို လေ့လာပြီး သက်ဆိုင်ရာဒေသ အုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ခံဝန်ထမ်းများအား တွေ့ဆုံ၍ ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီထိန်းညှိဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**






# လုပ်ငန်းခွင်အေးချမ်းသာယာရေး လိုက်နာဆောင်ရွက်ကူညီပေး

## ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင် အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအား မြင့်မား၍ အလုပ်ရှင်နှင့်အလုပ်သမားနှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည်

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

မြန်မာနိုင်ငံ၏ပြောင်းလဲလာသော နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများအရ ပိုမိုလွတ်လပ်စွာလုပ်ကိုင်ရန် အခွင့်အလမ်းများ ရရှိလာသည်နှင့်အမျှ စက်ရုံ၊ အလုပ်ရုံများ တိုးတက်ဖွင့်လှစ်လာနိုင်သည်ကို တွေ့ရှိရသော်လည်း အလုပ်ရှင်နှင့် အလုပ်သမားများအကြား အငြင်းပွားမှုများလည်း ဆက်လက်ဖြစ်ပေါ်နေဆဲရှိသည်ကို တွေ့ရှိရပါသည်။ အငြင်းပွားမှုများ လျော့နည်းပပျောက်သွားစေရန် လုပ်ငန်းပိုင်ရှင်များအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရာတွင် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အလုပ်သမားများဘက်မှလည်း မိမိဆောင်ရွက်ရမည့် တာဝန်ကို ကောင်းစွာသိရှိနားလည်လုပ်ကိုင်ရန်လိုအပ်ပါသည်။ ဤသို့ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားမြင့်မား၍အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနသည် အလုပ်သမားများ ဥပဒေပါ အကျိုးခံစားခွင့်များကို ရရှိစေရန်နှင့် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းဌာနများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးစည်းကြပ် ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အကြံဉာဏ်ပေးခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ဖြန့်ချိပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများဖွဲ့စည်း၍ လိုအပ်သည့် နည်းပညာရပ်ဆိုင်ရာ အကြံဉာဏ်များပေးခြင်း၊ အလုပ်သမားများကို ဥပဒေပါ ငွေကြေးခံစားခွင့်များရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ အလုပ်သမားလျော်ကြေးဥပဒေနှင့် လူမှုဖူလုံရေးဥပဒေတို့အရ အလုပ်သမားများ ခံစားခွင့်ရရှိမည့် ငွေကြေးများကို ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ အချိန်ပိုလုပ်ကိုင်ခွင့် တောင်းခံခြင်းများကို ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

လုပ်ငန်းရှင်များအနေဖြင့် ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေနှင့်အညီ လုပ်ငန်းစတင်ဖွင့်လှစ်လုပ်ကိုင်ခြင်းမပြုမီ ၁၅ ရက်ကြိုတင်၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ အကြောင်းကြားစာပေးပို့ရန်နှင့် အလုပ်ရုံကို ခေတ္တ(သို့မဟုတ်) အမြဲတမ်းပိတ်ထားလိုပါက တစ်လ၊ ရတ်တရက်ပိတ်ပါက ၄၈ နာရီအတွင်းနှင့် အလုပ်ရုံကို ပိတ်ထားရာမှ ပြန်လည်ဖွင့်လှစ်လိုပါက မဖွင့်လှစ်မီ ၁၅ ရက်အတွင်း အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနသို့အကြောင်းကြားဆောင်ရွက်ရမည်ဖြစ်ပါသည်။မန်နေဂျာအသစ်ခန့်ပြီးသည်နှင့်လုပ်ငန်းပိုင်ရှင်မှ ခုနစ်ရက်အတွင်း နို့တစ်စာပေးပို့ရမည်ဖြစ်ပြီး မန်နေဂျာခန့်ထားခြင်း မရှိပါက လုပ်ငန်းပိုင်ရှင်သည် မန်နေဂျာဖြစ်ပါသည်။ လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုကြောင့် အလုပ်သမားသေဆုံးလျှင် ဖြစ်စေ၊ ကိုယ်အင်္ဂါထိခိုက်နာကျင်ပြီး ၄၈ နာရီထက်ပို၍ အလုပ်မလုပ်နိုင်လျှင်ဖြစ်စေ မန်နေဂျာသည် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ မတော်တဆထိခိုက်မှု နို့တစ်စာ ပေးပို့ရမည်ဖြစ်ပြီး လုပ်ငန်းခွင် ရောဂါစွဲကပ်နေပါကလည်း အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနသို့ နို့တစ်စာပေးပို့ရန်လိုပါသည်။

စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ အပူအအေးမျှတရေး၊ လေဝင်လေထွက်ကောင်းမွန်ရေး စီမံထားရမည့်အပြင် လုံလောက်သည့် အလင်းရောင်ရရှိစေရန်နှင့် အန္တရာယ်ရှိသည့် အခိုးအငွေ့နှင့် အမှုန်အမွှားများ စုဝေးမှုမရှိစေရန် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ အန္တရာယ်ရှိသည့် လည်ပတ်လှုပ်ရှားနေသည့် စက်ကိရိယာများကို လုံခြုံခိုင်ခံ့စွာ ကာရံထားရန်နှင့် အလုပ်ခန်းတိုင်းတွင် အရေးပေါ် အခြေအနေ ကြုံတွေ့လာပါက လည်ပတ်နေသော စက်ကိရိယာများ ရပ်တန့်ရန်အတွက် သင့်လျော်သော အစီအမံများထားရှိရန် လိုအပ်ပါသည်။ စက်ယန္တရားများ အသုံးပြုဆောင်ရွက်သော လုပ်ငန်းများကို ပုံမှန်စစ်ဆေး၍ မှတ်တမ်းထားရှိရမည်ဖြစ်ပြီး အလုပ်ရုံစစ်ဆေးရေး အရာရှိများက လုပ်ငန်းခွင် ပတ်ဝန်းကျင် အခြေအနေကို တိုင်းတာအကဲဖြတ်ရာတွင် အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်ပေးရပါမည်။ အန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းခွင်များတွင် အလုပ်သမားများအတွက် ကိုယ်ခန္ဓာ ကာကွယ်ရေးဝတ်စုံများ ထုတ်ပေး၍ မဖြစ်မနေ ဝတ်ဆင်လုပ်ကိုင်စေရန်နှင့် အလွန်အမင်း လေးလံသည့် ဝန်ချိန်များကို အမျိုးသမီးနှင့် လူရွယ်လုပ်သားများအား သယ်မခြင်း၊ ရွှေ့ပြောင်းခြင်း မပြုစေရပါ။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် မီးသတ်ပစ္စည်းကိရိယာများကို လုံလောက်စွာထားရှိရမည်ဖြစ်သည့်အပြင် မီးလောင်လျှင်ထွက်နိုင်သည့် အရေးပေါ်ထွက်ပေါက်၊ သွားလမ်းနှင့် အန္တရာယ်အချက်ပေးကိရိယာများ ထားရှိရမည်ဖြစ်ပြီး မီးလောင်မှုမဖြစ်ပွားစေရေးကိုလည်း အလေးထား ဆောင်ရွက်ရပါမည်။ အလားတူပင် မီးသတ်ခြင်းလုပ်ငန်းစဉ်ကိုလည်း ဇာတ်တိုက်လေ့ကျင့်ထားရန် လိုအပ်ပါသည်။

ထို့အပြင် ထမင်းစားခန်းနှင့် သန့်ရှင်းစင်ကြယ်သော သောက်သုံးရေကို လုပ်သားအင်အားနှင့်အညီ လုံလောက်စွာ စီစဉ်ပေးရန်လိုအပ်ပြီး အိမ်သာနှင့် ကျင်ငယ်စွန့်ရန် နေရာများကို ကျား/မ ခွဲခြား၍ သန့်ရှင်းစင်ကြယ်စွာ စီမံပေးရပါမည်။ လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်နိုင်ရန် ဘေးကင်းရေးလုပ်ငန်းစဉ်များ၊ အန္တရာယ်သတိပေး အချက်ပြများ၊ နို့တစ်စာများ၊ ပိုစတာများနှင့် လမ်းညွှန်ဆိုင်းဘုတ်များကို စီမံထားရှိရန်လိုအပ်ပါသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် စီမံခန့်ခွဲသူအပါအဝင် အလုပ်သမားများပါ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများ တက်ရောက်ခြင်း၊ အသိပညာပေးဆွေးနွေးပွဲများသို့ တက်ရောက်ဆွေးနွေးခြင်းများ ဆောင်ရွက်ရပါမည်။ လုပ်ငန်းခွင်အတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် ထိခိုက်စေနိုင်မည့် အခြေအနေ၊ အကြောင်းအရာ၊ ဖြစ်ရပ်တစ်ခုခုကို တွေ့ရှိသည်နှင့် ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် လုပ်ငန်းကို အနီးကပ်ကြီးကြပ်သူကဖြစ်စေ အလုပ်ရှင်ထံချက်ချင်းအသိပေးရန်လိုပါသည်။ အလုပ်ရုံစစ်ဆေးရေးအရာရှိများ၏ အကြံပြုချက်၊ ညွှန်ကြားချက်များကို မဖြစ်မနေ အလေးထားလိုက်နာဆောင်ရွက်ခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ရရှိနိုင်သည်ကို သိရှိထားသင့်ပါသည်။

အလုပ်ရှင်များအနေဖြင့် အလုပ်လုပ်ကိုင်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာကို စက်ရုံအတွင်း အလုပ်သမားများ မြင်သာသောနေရာ၌ ကပ်ထားရမည့်အပြင် အလုပ်ချိန်နှင့် ပတ်သက်၍ သာမန်အလုပ်ချိန် တစ်ရက်လျှင် ရှစ်နာရီ၊ ရက်သတ္တတစ်ပတ်လျှင် ၄၄ နာရီလုပ်ကိုင်ခွင့်ရှိပြီး အဆက်မပြတ်လုပ်ရသော လုပ်ငန်းများတွင် ရက်သတ္တတစ်ပတ်အလုပ်ချိန် ၄၈ နာရီ လုပ်ကိုင်နိုင်ပါသည်။ အားလပ်ချိန်နှင့် ပတ်သက်၍ အလုပ်သမားများကို တစ်ဆက်တည်း ငါးနာရီ လုပ်ကိုင်ပြီးပါက အနည်းဆုံးနာရီဝက်အနားပေးရန် လိုပါသည်။ အလုပ်ချိန်ပြောင်းလဲလုပ်ကိုင်လိုပါက အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုချက် တောင်းခံရန် လိုအပ်ပြီး အချိန်ပိုလုပ်ကိုင်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ တင်ပြ၍ ကြိုတင်ခွင့်ပြုချက် ရယူလုပ်ကိုင်နိုင်ပါသည်။ အချိန်ပိုလုပ်ခကို သာမန်လုပ်ခ၏ နှစ်ဆနှင့် ရှားပါးစရိတ်ရရှိပါက ပေးမြဲနှုန်းအတိုင်း ရှားပါးစရိတ်ပါ ထုတ်ပေးရမည် ဖြစ်ပါသည်။ တစ်ပတ်လျှင် တနင်္ဂနွေတစ်ရက် အလုပ်ပိတ်ပေးရန် လိုအပ်ပြီး လုပ်ငန်းလိုအပ်ချက်အရ တနင်္ဂနွေနေ့တွင် အချိန်ပိုလုပ်ကိုင်လိုပါက အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၏ ခွင့်ပြုချက်ရယူရန် လိုအပ်ပြီး အစားထိုးတစ်ရက်အနားပေးရန် လိုပါသည်။

အသက် (၁၃)နှစ်မပြည့်သေးသည့် မည်သည့်ကလေးကိုမျှ စက်ရုံ၊ အလုပ်ရုံဆိုင်နှင့် အလုပ်ဌာနများတွင် လုပ်ကိုင်ခွင့်မပြုဘဲ အသက်(၁၃)နှစ်မှ (၁၈)နှစ်ထိ ကလေးလုပ်သားများကို အလုပ်ချိန်လေးနာရီသာ စေခိုင်းနိုင်ပါသည်။ သို့သော် အသက်(၁၅) နှစ်မှ (၁၈)နှစ်အတွင်း ကလေးများသည် လူကြီးအလုပ်သမားအဖြစ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံဆရာဝန်၏ လက်မှတ်ရယူ၍ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်နိုင်သည်။ ကလေးအလုပ်သမားများကို စက်ရုံ၊ အလုပ်ရုံများတွင် ည ၆ နာရီမှ နံနက် ၆ နာရီကြား ခိုင်းစေခွင့်မရှိဘဲ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်တစ်ခုခုတွင် အလုပ်လုပ်ပြီးသော ကလေးလုပ်သားကို အခြား စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်တစ်ခုခု၌ ထပ်မံခိုင်းစေခွင့်မရှိခြင်းကို လိုက်နာဆောင်ရွက်ရန် လိုပါသည်။

အလုပ်သမားများအနေဖြင့် ရှောင်တခင်ခွင့်၊ လုပ်သက်ခွင့်နှင့် ဆေးလက်မှတ်ခွင့်များ ခံစားနိုင်ပြီး တစ်နှစ်လျှင် ရှောင်တခင်ခွင့် ခြောက်ရက် ခံစားနိုင်၍ တစ်ကြိမ်လျှင် အများဆုံး သုံးရက်ရယူနိုင်ပါသည်။ လုပ်သက်ခွင့်အနေဖြင့် တစ်ဆက်တည်း ၁၂ လပြည့်အောင် လုပ်ကိုင်ခဲ့သော အလုပ်သမားများကို ပျမ်းမျှလစာငွေဖြင့် လုပ်သက်ခွင့် ၁၀ ရက် ခံစားခွင့်ပြုနိုင်ပြီး တစ်လလျှင် ၂၀ ရက် ပြည့်အောင် မလုပ်ခဲ့သည့်လများအတွက် အလုပ်ရှင်က တစ်လလျှင် တစ်ရက်နှုန်း ဖြတ်တောက်နိုင်ပါသည်။ အလုပ်ရှင်နှင့်အလုပ်သမား သဘောတူလျှင် လုပ်သက်ခွင့်ကို သုံးနှစ်ထိ စုဆောင်းနိုင်ပါသည်။ တစ်နှစ်လျှင် ဆေးလက်မှတ်ခွင့် ၃၀ ရက်ကို လုပ်သက် ခြောက်လကျော်လျှင် လုပ်ခမပျက် ခံစားခွင့်ပေးနိုင်ပြီး လုပ်သက် ခြောက်လမပြည့်လျှင် လစာမဲ့ဆေးခွင့် ခံစားခွင့်ပြုနိုင်ပါသည်။ အများပြည်သူ အလုပ်ပိတ်ရက်တွင် လုပ်ခလစာအပြည့်ဖြင့် လုပ်သားများကို အနားပေးရမည် ဖြစ်ပါသည်။

လုပ်ခပေးရမည့်ရက်မှာ အလုပ်သမားဦးရေ ၁၀၀၀ မကျော်ပါက လကုန်ပြီး ခုနစ်ရက်အတွင်းနှင့် ဦးရေ ၁၀၀၀ ကျော်ပါက လကုန်ပြီး ၁၀ ရက်အတွင်း ပေးချေရပါမည်။ အလုပ်သမားအား အလုပ်မှရပ်စဲသောအခါ အလုပ်ရပ်စဲသည့်ရက်၏ နောက်တစ်ရက်တွင် လုပ်ခကို ထုတ်ပေးရပါမည်။ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လုပ်ခမှ အလုပ်ဆင်းရန် ပျက်ကွက်မှု၊ ယုံကြည်အပ်နှံထားသည့် ကုန်စည်နှင့်ငွေများ ပျောက်ဆုံးမှု၊ နေထိုင်ရန် အိမ်လခနှင့် လုပ်ငန်းခွင်သုံး ကိရိယာတန်ဆာပလာများပျောက်ဆုံးမှု၊ ကြိုတင်ပေးထားသည့်ငွေများ (သို့မဟုတ်) ပိုမိုပေးမိသောငွေများ၊ အိုနာစာရန်ပုံငွေ၊ လူမှုဖူလုံရေး ထည့်ဝင်ကြေး၊ သမဝါယမအသင်းသို့ ပေးရန်ငွေများ၊ အသက်အာမခံ၊ အမြတ်ခွန်၊ ငွေစုငွေချေး သမဝါယမစုငွေများ၊ မှတ်ပုံတင်ထားသည့် အလုပ်သမားအဖွဲ့အစည်းသို့ ထည့်ဝင်ကြေးနှင့် ဒဏ်ငွေများကို တရားဝင်ဖြတ်တောက်နိုင်သည်။ ဖြတ်တောက်ငွေအားလုံးသည် အလုပ်သမားရရှိမည့် ငွေအားလုံး၏ ၅၀ ရာခိုင်နှုန်းထက် မပိုစေရပါ။

ထို့အပြင် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂ ခုနှစ်) ပုဒ်မ-၄၂ အရ "မည်သူမျှသပိတ်မှောက်ခြင်းတွင်ပါဝင်ဆောင်ရွက်လိုခြင်းမရှိသည့် အလုပ်သမားများ၏ လွတ်လပ်စွာ အလုပ်လုပ်ကိုင်ခွင့်ကို တားမြစ်ခြင်းသော်လည်းကောင်း၊ အလုပ်သမား၏ သပိတ်မှောက်ခြင်းပြုနိုင်သည့် အခွင့်အရေးကို နှောင့်ယှက်ဟန့်တားခြင်းသော်လည်းကောင်း မပြုရ" ဟု ဖော်ပြထားသကဲ့သို့ ပုဒ်မ-၄၃ တွင် "မည်သူမျှ တစ်ဦးချင်းအငြင်းပွားမှု (သို့မဟုတ်) စုပေါင်းအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ပါ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် (သို့မဟုတ်) ဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ" ဟု ဖော်ပြထားသည့်အပြင် ပုဒ်မ-၅၄ ၌လည်း "သပိတ်မှောက်ခြင်းသည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်အား ခေတ္တရပ်ဆိုင်းစေခြင်းဖြစ်၍ ထိုကာလအတွင်း အလုပ်ရှင်က သပိတ်မှောက်သည့် အလုပ်သမားအား လစာစရိတ်ပေးရန် တာဝန်မရှိစေရ" ဟု သတ်မှတ်ထားသည့် ဥပဒေကြောင်းဆိုင်ရာ သတ်မှတ်ချက်များကိုလည်း အလုပ်ရှင်နှင့် အလုပ်သမားများက လိုက်နာဆောင်ရွက်ရန်အထူးလိုအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်တွင် ဖော်ပြထားသည့်အတိုင်း အလုပ်ရှင်နှင့် အလုပ်သမားများက လိုက်နာဆောင်ရွက်ရမည့် အချက်များကို ကောင်းစွာသိရှိနားလည်၍ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများအကြား တောင်းဆိုအငြင်းပွားမှုများ လျော့ပါးသွားမည်ဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နှင့် အလုပ်ဌာနများတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အပြန်အလှန်သစ္စာရှိမှု၊ နွေးထွေးသောဆက်ဆံမှု၊ အပြန်အလှန်ယုံကြည်ကိုးစားမှုရှိရမည့်အပြင် အလုပ်သမားရေးရာ ဥပဒေပါ အချက်များကို သိရှိနားလည်၍ အလေးထားလိုက်နာ ဆောင်ရွက်ခြင်း၊ အလုပ်ရှင်နှင့်အလုပ်သမားတို့သည် အပြန်အလှန်အကျိုးပြုနေသည်ဟု ခံယူပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သော လုပ်ငန်းခွင်ဆက်ဆံရေးကို ဖြစ်ပေါ်စေကာ ကုန်ထုတ်စွမ်းအားတိုးတက်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း အများပြည်သူများ သိရှိနိုင်ရန်အတွက် ဖော်ပြအပ်ပါသည်။ ။



# ဇော်တိကသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များထုတ်လုပ်လျက်ရှိ

**နေပြည်တော် မတ် ၂၃**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် မတ် ၂၂ ရက်တွင် ကမ်းလွန် ရေနံလုပ်ကွက် အမှတ် M 9 အတွင်း ထိုင်းနိုင်ငံ PTTEPI ရေနံကုမ္ပဏီနှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ဇော်တိက သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးတွင်းတူးစင်သို့ ရောက်ရှိခဲ့ကြသည်။

ရှေးဦးစွာ PTTEPI မှ တာဝန်ရှိသူများက သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုနှင့် တူးဖော်ရေးဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး တူးဖော်ရေးစင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ကုမ္ပဏီဝန်ထမ်းများနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

အဆိုပါ ဇော်တိကသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်တွင် မြန်မာပညာရှင်အလုပ်သမား ၄၂ ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး ကုမ္ပဏီဝန်ထမ်းစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့် ပြည်တွင်းအလုပ်သမားများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇော်တိကသဘာဝဓာတ်ငွေ့စီမံကိန်းသည် မုတ္တမကမ်းလွန်လုပ်ကွက် M9 နှင့် M11 အတွင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTTEPI ကုမ္ပဏီတို့ ၂၀၀၃ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့တွင် အကျိုးတူစာချုပ်စတင်ချုပ်ဆိုခဲ့ကြပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ စီးပွားဖြစ်ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းသဘာဝဓာတ်ငွေ့သုံးစွဲနိုင်မှုအပေါ် မူတည်၍ ၂၀၁၄ ခုနှစ် မတ်လ ၁၅ ရက်မှစတင်၍ ပြည်တွင်းသို့ နေ့စဉ်သဘာဝဓာတ်ငွေ့ကုဗပေသန်း ၄၀ ပို့လွှတ်ဖြန့်ဖြူးလျက်ရှိသည်။ ၎င်းစီမံကိန်းတွင် လက်ရှိ တူးဖော်ပြီး သဘာဝဓာတ်ငွေ့ဖွံ့ဖြိုးရေးတွင်း ၁၅ တွင်းမှ သဘာဝဓာတ်ငွေ့များ ထုတ်လုပ်လျက်ရှိရာမှ ဆက်လက်၍ ဖွံ့ဖြိုးရေးတွင်း ခုနစ်တွင်းအား တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရွေးချယ်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေးအတွက် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့်အဖွဲ့သည် မတ် ၂၀ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် လယ်ဇင်ကျေးရွာ အစည်းအဝေးခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

လုပ်ငန်း ကော်မတီအနေဖြင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ဆု နှစ်ဆု၊ မွေးမြူရေးကဏ္ဍဆိုင်ရာ ဆု သုံးဆုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆု အပါအဝင် ဆု ခုနစ်မျိုးတို့ကို စိစစ်ရန် သွားရောက်ခြင်းဖြစ်ကြောင်းသိရသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့နယ် လယ်ဇင်ကျေးရွာ၏ ရှေးဟောင်းရွာလူကြီးဟောင်းအိမ်၊ "ပညာရောင်ခြည်"စာကြည့်တိုက်၊ ရွှေရည်ဝင်း မြေပဲဆားလှော်လုပ်ငန်း၊ စွမ်းအားမြင့် မီးဖိုအသုံးချ သုံးစွဲနေမှုများအား ကြည့်ရှုစစ်ဆေးခြင်း၊ ကျေးလက်ဒေသ အရန်မီးသတ်တပ်ဖွဲ့စခန်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ မြဘုရင်နို့ချက်စက်ရုံ၏ နို့ကောက်စခန်း၊ ကြာဆံစက်ရုံ၊ နွားမွေးမြူရေးဇုန်၊ ကွမ်းရွက်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် အခြေခံပညာ အလယ်တန်းကျောင်းတွင် ဖွင့်လှစ်ထားရှိသော ဓမ္မသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရတနာပုံအသင်းအဝေးကွင်းတွင် သရေတစ်မှတ်ယူပြီး ဆက်လက်ဦးဆောင်

**MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၈) ဒုတိယနေ့ပွဲစဉ်များကို မတ် ၂၃ ရက်ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်၊ မကွေးနှင့်မနောမြေတို့ နိုင်ပွဲရရှိခဲ့ပြီး နေပြည်တော်နှင့် ရတနာပုံတို့ သရေကျသွားသည်။**

**(ပေါင်းလောင်းကွင်း)**

နေပြည်တော် - ဂိုးမရှိ

ရတနာပုံ - ဂိုးမရှိ

ရှုံးပွဲမရှိ စံချိန်ဖြင့် အမှတ်ပေးဇယားထိပ်ပိုင်းတွင် ရပ်တည်နေသည့် ရတနာပုံအသင်းမှာ အဝေးကွင်း၌ အဖိုးတန် သရေတစ်မှတ်ရယူပြီး ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ခြောက်ပွဲဆက်တိုက် နိုင်ပွဲရရှိထားသည့် နေပြည်တော်အသင်းမှာ အိမ်ကွင်း၌ နိုင်ပွဲဆက်ရေးကြိုးပမ်းခဲ့သော်လည်း နိုင်ပွဲဆက်စံချိန် ရပ်တန့်ခဲ့ရသည်။

နှစ်သစ်စလုံး ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသောကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များလည်း အပြန်အလှန်ရရှိခဲ့သည်။ ရတနာပုံအသင်း၏ အမာခံတိုက်စစ်မှူး ပွန်ဆီကာနှင့် နေပြည်တော် အမာခံတိုက်စစ်မှူး ဒီပီဒီတို့ကို နောက်တန်းများ ထိန်းချုပ်ကစားခဲ့ပြီး ရရှိသည့် အပိုင်ဂိုးသွင်းခွင့်များကိုလည်း နှစ်ဦးစလုံးအသုံးမချနိုင်ခဲ့ပေ။

**(YUSC) ကွင်း**

ရန်ကုန် - ငါးဂိုး

(ကျော်ကိုကိုနှင့် အီမာဆင် - နှစ်ဂိုးစီ၊ ပြည့်ဖြိုးအောင်)

Southern - ဂိုးမရှိ

**(အောင်ဆန်းကွင်း)**

မကွေး - တစ်ဂိုး (မန်ဆာ)

GFA- ဂိုးမရှိ

**(သုဝဏ္ဏကွင်း)**

မနောမြေ - နှစ်ဂိုး

(အက်စလေနှင့် ကမ်ဘူး)

ချင်းယူနိုက်တက် - တစ်ဂိုး

(မာတူနာ)



**ရတနာပုံအသင်းမှအောင်မြင့်အေးနှင့် ရန်ပိုင်တို့၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို နေပြည်တော်ဂိုးသမား မန်လားဟရွယ် ကာကွယ်နေစဉ်။**

ပွဲစဉ်(၈)အပြီးတွင် ရတနာပုံအသင်းက ၂၀ မှတ်ဖြင့် ပထမ၊ နေပြည်တော်အသင်းက ၁၉ မှတ်ဖြင့် ဒုတိယ၊ မကွေးအသင်းက ၁၅ မှတ်ဖြင့် တတိယ၊ ရန်ကုန်အသင်းက ၁၄ မှတ်ဖြင့် စတုတ္ထ၊ ဇေယျာရွှေမြေက ၁၃ မှတ်ဖြင့် ပဉ္စမနေရာတို့တွင် ရပ်တည်နေသည်။

**သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်**



# လှိုင်သာယာ၌ ခိုးမှုကျူးလွန်သူများ ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက်အတွင်းရှိ ဝင်းသူဇာအရောင်းဆိုင်ရှေ့၌ မတ် ၁၈ ရက် ညက အသက်(၃၀)နှစ် ခန့်ရှိ အမျိုးသားတစ်ဦးထံမှ ငွေလေးသိန်းရှစ်သောင်းကျပ်ကို လူမြင်လျှင် မှတ်မိသူနှစ်ဦးက ခိုးယူထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်အား လှိုင်သာယာမြို့မရဲစခန်းမှ တာဝန်ရှိသူများက စုံစမ်းဖော်ထုတ်ခဲ့ပြီး ပိုင်ပိုင်(ခ)သန့်ဇင်ဦး (၁၉)နှစ် ဦးချစ်မောင်လမ်း (၁၉)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူ၊ သက်ဆွေ (၂၆)နှစ် (လိပ်စာတူ)တို့နှစ်ဦး အိမ်သို့ မတ် ၂၂ ရက် နံနက် ၈ နာရီက ဝင်ရောက်ဖမ်းဆီးခဲ့ရာ အခင်းဖြစ်စဉ်က ခိုးယူသွားသော ငွေကျပ်လေးသိန်းရှစ်သောင်းအနက် ငွေကျပ်သုံးသိန်းကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ခိုးမှုကျူးလွန်ခဲ့သူများဖြစ်သော ပိုင်ပိုင်(ခ)သန့်ဇင်ဦးနှင့် သက်ဆွေတို့နှစ်ဦးအား လှိုင်သာယာမြို့မရဲစခန်းက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ စာရင်းစစ်၊ စာရင်းကောက်သင်တန်းများဆင်း

**တပ်ကုန်းမြို့နယ်**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၌ မတ် (၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂ ) ရက်တို့တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြမည့် စာရင်းစစ်၊ စာရင်းကောက်ဆရာ ဆရာမများ၊ အဖွဲ့အစည်းများ၊ သင်တန်းနည်းပြဆရာ ဆရာမများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၂ ရက် မွန်းလွဲ ၃ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သန်းခေါင်စာရင်းကောက်ယူကြမည့် ဆရာ ဆရာမ ၄၁၇ ဦး၊ အဖွဲ့အစည်း ၃၉ ဦး၊ နည်းပြဆရာ ဆရာမ ၃၀ စုစုပေါင်း ၄၈၆ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၀၉၂)**

**ဇမ္ဗူသီရိမြို့နယ်**

ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို မတ် ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အဆိုပါသင်တန်းသည် မတ် ၁၇ ရက်မှ ၂၂ ရက်ထိ ရက်သတ္တတစ်ပတ်ကြာမြင့်ကာ စာရင်းစစ်၊ စာရင်းကောက်ဆရာ ဆရာမ ၂၈၇ ဦးတက်ရောက်ခဲ့ပြီး နည်းပြ ၁၈ ဦးဖြင့် သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**ဒက္ခိဏသီရိမြို့နယ်**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို မတ် ၂၂ ရက် ညနေ ၃ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးက သင်တန်းဆင်းအမှာစကားပြောကြားကြောင်း သိရသည်။

**(ကိုကိုရှူပ-နေပြည်တော်)**

**သီပေါမြို့နယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းသို့ သင်တန်းနည်းပြခြောက်ဦး၊ သင်တန်းသား သင်တန်းသူ ၉၈ ဦးနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၈ ရက်မှ ၂၂ ရက်အထိဖြစ်ကြောင်း သိရသည်။

**(စိုင်း-သီပေါ)**

**ပုဇွန်တောင်မြို့နယ်**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ကြသည့် ဆရာ ဆရာမများ၏ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်အခမ်းအနားကို မတ် ၂၀ ရက် နံနက် ၉ နာရီတွင် အထက-၂(ပုဇွန်တောင်) စာသင်ခန်းမ၌ ကျင်းပရာ ပုဇွန်တောင်မြို့နယ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ သင်တန်းသူသင်တန်းသာ ဆရာ ဆရာမ ၁၂၀ တို့တက်ရောက်ကြကာ မတ် ၂၀ ရက်မှ ၂၅ ရက်ထိ ခြောက်ရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကိုကြီးကျော်)**

**ငွေဆောင်မြို့နယ်ခွဲ**

ပုသိမ်ခရိုင် ငွေဆောင်မြို့နယ်ခွဲ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် အမက(၁၂၇) ဇီးမှော်၌ကျင်းပရာ စာရင်းစစ်၊ စာရင်းကောက် သင်တန်းသား သင်တန်းသူ ၁၃၃ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာခြောက်ရက်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

**ပုသိမ်မြို့နယ်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် မရမ်းကျောင်းတိုက် ဆွမ်းစားကျောင်းဆောင်၌ ကျင်းပကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ကာလိမြို့နယ်ခွဲ**

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ကာလိမြို့နယ်ခွဲ စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲအခမ်းအနားကို အထက(ကာလိ)ကျောင်း၌ မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပကြောင်း သိရသည်။

**(မိုးလွင်ဦး-လှိုင်လင်)**

## ဆရာတော်ကြီးများအား သွားရောဂါစစ်ဆေးကုသ



**နေပြည်တော် မတ် ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကု ဆေးရုံကြီးတွင် နေပြည်တော်ကောင်စီ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်း အစီအစဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သက်တော်၊ ဝါတော်ကြီးရင့်သည့် ဆရာတော်ကြီးများအား မတ်လ ပထမပတ်မှစတင်၍ ဓာတ်မှန် (X-ray) စက်၊ 4D-Ultrasound စက်၊ CT-Scan စက်များဖြင့် ကျန်းမာရေးစောင့်ရှောက်စစ်ဆေးပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ်မှ ဆရာတော်များအား သွားရောဂါစစ်ဆေး ကုသပေးနေမှုများကို ဇမ္ဗူသီရိဖောင်ဒေးရှင်း နာယကအဖွဲ့ဝင် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် အဖွဲ့ဝင်များ သွားရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**

## Active & Healthy Lifestyle Expo ကျင်းပမည်

**ရန်ကုန် မတ် ၂၃**

Active & Healthy Lifestyle Expo ကို ရန်ကုန်မြို့ရှိ အမျိုးသားအားကစားရုံ (သုဝဏ္ဏ)၌ မတ် ၂၈ ရက်မှ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကျင်းပမည်ဟု သိရသည်။

Expo တွင် အာဟာရညီမျှစွာစားသောက်မှု၊ အားကစားလုပ်ခြင်း၏ အရေးပါပုံ၊ ရွှင်လန်းသွက်လက်စွာနေထိုင်ခြင်းဖြင့် ကိုယ်အလေးချိန်လျှော့ချနိုင်ခြင်း၊ ကျန်းမာရေးညီညွတ်စွာ စားသောက်မှု၊ နေ့စဉ်ဘဝတွင် အရေးပါသော ရေဓာတ်ဖြည့်စွက်မှု၊ ကျန်းမာရေးညီညွတ်စွာ နေထိုင်လှုပ်ရှားမှု၊ စိတ်ဖိစီးမှုများသော လူနေမှုပတ်ဝန်းကျင်တွင် စိတ်ဓာတ်တက်ကြွစွာ နေထိုင်နည်းစသည့် Talk Show များ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် (၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားသမားများ၏ နှီးနှော ဖလှယ်ပွဲများ၊ Active & Healthy Lifestyle ဆိုင်ရာ ကစားနည်းများ၊ ခြင်းလုံးအလှပြခြင်း၊ ဘင်ခရာပြိုင်ပွဲများနှင့် အခြားစိတ်ဝင်စားဖွယ်ရာများ စုံလင်စွာဖြင့် ကျင်းပသွားမည်ဖြစ်သည်။

မိဘပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် တာမွေဈေး၊ အသောက၊ ဈေးလေး၊ သုဝဏ္ဏလမ်းဆုံမှတ်တိုင်များမှ လည်းကောင်း၊ ကျောင်းရှေ့လမ်းဆုံ၊ သံလမ်း၊အသင်းတိုက်မှတ်တိုင်များမှ လည်းကောင်း Shuttle Bus များ စီစဉ်ပေးထားမည်ဟုသိရသည်။ ယခုကဲ့သို့ ပထမဆုံးအကြိမ်အဖြစ်ကျင်းပမည့် Active & Healthy Lifestyle Expo ကို 100 Plus က တာဝန်ယူ စီစဉ်ကျင်းပခြင်းဖြစ်သည်။

**ဇေယျာ(မိုင်ရာ)**



သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြရွှေတို့က လျှပ်စစ်ဓာတ်အားခန့်မှန်းထား ပြောင်းလဲကောက်ခံမည့် ကိစ္စနှင့်ပတ်သက်၍ မတ် ၁၉ ရက်တွင် သန်လျင်မြို့နယ် လက်ယက်စမ်း၊ ထားမလုံ၊ မြယာရိုး၊ ထန်းပင်ဆိပ်နှင့် အလယ်ရွာကျေးရွာများမှ မီးသုံးစွဲသူများအား လက်ယက်စမ်းကျေးရွာ လေးမျက်နှာဘုရားတန်ဆောင်းတွင် ရှင်းလင်းပြောကြားစဉ်။ **(မြို့နယ်လျှပ်စစ်)**

## ပြည်သူ့ထံမှ ပေးစာများ

### ဝက်မွေးမြူရေးခြံမှ အနံ့မခံနိုင်

တောင်ဒဂုံမြို့နယ် ဇီဇဝါလမ်းရှိ နေအိမ်တွင် ဝက်များမွေးမြူထားခြင်းကြောင့် ဝက်ခြံမှ ဝက်ချေးနံ့များ၊ ဝက်စာအပုပ်နံ့များ ပတ်ဝန်းကျင်တွင်ပျံ့နှံ့နေပါ၍ အနီးအနားအိမ်များမှာ ကျန်းမာရေးထိခိုက်လာပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(အနံ့မခံနိုင်သူများ)**

### ကျူးကျော်ဆိုင်အား ရှင်းလင်းဖယ်ရှားပေးပါရန်

တောင်ဥက္ကလာပမြို့ (၁၀)ရပ်ကွက် ဇေယျလမ်းနှင့် (၄)လမ်းထောင့်တွင် ကွမ်းယာဆိုင်တစ်ဆိုင်ရှိသည်။ ၎င်းဆိုင်မှာ ကျူးကျော်ဆောက်လုပ်ထားပြီး နေ့ခင်းဘက်နှင့်ညဘက်တွင် လောင်းကစားပြုလုပ်ခြင်း၊ ညဉ့်နက်သန်းခေါင်အထိ ကျယ်လောင်စွာစကားပြောဆို အော်ဟစ်ခြင်း၊ ဂစ်တာတီး၍သီချင်းဆိုခြင်း နေ့စဉ်ပြုလုပ်နေပါသဖြင့် ပတ်ဝန်းကျင်ရှိ နေထိုင်သူများမှာ အေးချမ်းစွာအနားယူအိပ်စက်ခြင်းကို အနှောင့်အယှက်ဖြစ်နေပါ၍ သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(ဆိုင်အနီးမှပြည်သူများ)**

### စည်ပင်မြေကျူးကျော်အဆောက်အအုံရှင်းလင်းပေးပါ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၄၃)ရပ်ကွက် ဗိုလ်ထွန်းဇံလမ်းမရှိ နေအိမ်ရှေ့ခြံစည်းရိုး အုတ်တံတိုင်း ပြင်ပစည်ပင်ပိုင်လမ်းမြေပေါ်တွင် လုပ်ငန်းအလုပ်ရုံတစ်ရုံကို သံဟင်္ဂလံတိုင်၊ သံထည်ပစ္စည်းများဖြင့် အခိုင်အမာအဆောက်အအုံတည်ဆောက်လျက်ရှိပါသည်။ စာသင်ကျောင်းနှင့်နီး၍ ကျောင်းသားများ၊ မိဘများ၊ လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ်ဖြစ်စေနိုင်ခြင်း၊ မီးသတ်ယာဉ်နှင့်အခြားယာဉ်များအတွက် ပိတ်ဆို့ကျဉ်းမြောင်းနိုင်ခြင်းတို့ကြောင့် သက်ဆိုင်ရာမှရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူ၊ ရပ်ကွက်သားများ**

### သံထည်လုပ်ငန်းစက်မှုဇုန်သို့ ပြောင်းရွှေ့ပေးပါ

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၂) ရပ်ကွက် (၅၅)လမ်း အလယ်ဘလောက်တွင် သံပန်း၊သံတံခါးလုပ်ငန်းများလုပ်ကိုင်လျက်ရှိရာ နေ့စဉ်နံနက်မှညမိုးချုပ်အထိ သံဖြတ်တောက်သံ၊ ကျောက်စက်တိုက်သံ၊ ထုရိုက်သံများကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သူများ၊ ကျောင်းသား ကျောင်းသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြပါသည်။ သို့ဖြစ်ပါ၍ လူနေရပ်ကွက်အတွင်းမှ သံထည်လုပ်ငန်းများအား စက်မှုဇုန်သို့ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ/ လမ်းသားများ**

### အင်းစိန်မီးရထားဝင်း နှစ်လုံးထီသောင်းကျန်း

အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက် မီးရထားလိုင်းဝင်းတွင် နှစ်လုံး၊ သုံးလုံးချဲထီရောင်းသူများ ပေါများနေသဖြင့် မီးရထားဝန်ထမ်းမိသားစုအား အကျင့်စာရိတ္တပျက်ပြားစေသည့်အတွက် နှစ်လုံး၊ သုံးလုံးရောင်းသူများအား သက်ဆိုင်ရာမှ ထိရောက်စွာ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

**လောင်းကစားပပျောက်လိုသူ**

### နွားသတ်ရုံမှအနံ့ဆိုးများ ကျန်းမာရေးထိခိုက်

ပဲခူးတိုင်းဒေသကြီး(အရှေ့) ဘုရားကြီးကျေးရွာပဒေသာရပ်ကွက်တွင်ရှိသော နွားသတ်ရုံမှ လွန်ခဲ့သောနှစ်လခန့်မှစ၍ အမဲခြောက်လုပ်ရာမှ ထွက်ပေါ်လာသော အညော်နံ့များ၊ စွန့်ပစ်အစအနများနှင့် စွန့်ပစ်ရေများသည် လယ်ကွက်ထဲတွင် စုအိုင်နေပြီး ၎င်းတို့မှ ထွက်ပေါ်လာသော အပုပ်နံ့များကို လေသင့်ချိန်တိုင်း အိမ်ခြေ ၄၀ ရှိသော တစ်ရပ်ကွက်လုံးက ရှူရှိုက်နေရပြီး ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သည်များကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူ/ရပ်ကွက်သားများ**




### ထပ်မံသိရှိ

(၂၃-၃-၂၀၁၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၁)တွင် ပါရှိသော "ရွှေမျောတိုက်ရာတွင် မြေပြိုကျသဖြင့် လူနေအိမ်များ မြေပိကာ လူသေဆုံးမှုဖြစ်" သတင်းတွင် မြေပြိုကျသဖြင့် လူနေအိမ်များ မြေပိကာ လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်နေရာမှာ ရှင်းသန့်အောင်မြင် ကုမ္ပဏီ၏ လုပ်ကွက်အမှတ် SHML 431 နှင့်ပေ ၅၀၀ ခန့်အကွာတွင်ဖြစ်ပြီး မြေပြိုကျစဉ်အခါက ရွှေမျောဖြုန်း စုပ်စက် ပေါင်း၂၄ စက်မျောခုတ်မောင်းလျက်ရှိရာ အဆိုပါ ရွှေကျင်စက်များ ခုတ်မောင်းရာ ရေအိုင်နှင့်ကပ်လျက်ရှိသော မြေကမ်းပါးရုံများ ပြိုကျလာခဲ့ခြင်းဖြစ်သည်ဟုထပ်မံသိရှိရသည်။

**(ကြေးမုံ)**

ပြည်တွင်းရေးရာ

## ချောင်းဆုံမြို့နယ်၌ ရေရရှိရေးနှင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်

**ချောင်းဆုံ မတ် ၂၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ရွှေကျွန်းဂုဏ်ရည်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုရစ်ကလေးကျေးရွာအုပ်စုရှိ ကုန်းကလေးကျေးရွာ၌ လေးလက်မ စက်ရေတွင်းတစ်တွင်း၊ ရေစက်ရုံ တစ်ရုံနှင့် ဂါလန် ၁၅၀၀ ဆံ့ ရေကန် တည်ဆောက်လျက်ရှိကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ချောင်းဆုံမြို့နယ်အတွင်း တွင်းတိမ်သုံးတွင်း၊ လက်တူးတွင်းကျယ် တစ်တွင်းနှင့် မြေသားရေကန်တစ်ကန်ကို တူးဖော်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ရွှေကျွန်းဂုဏ်ရည်ကုမ္ပဏီမှ ဆက်လက်တာဝန်ယူဆောင်ရွက်လျက်ရှိသော ချောင်းဆုံမြို့နယ် မုရစ်ကလေး-ခရိုက်ဒူး-ဆယ်ပလာ ကျေးရွာချင်းဆက် ကတ္တရာလမ်း(၁/၀)မိုင်နှင့် ကလော့-အပြိုင် - ကွင်းပေါက် - တော်ပွန် ကျေးရွာချင်းဆက် မြေသားလမ်း (၇/၂)မိုင် ခင်းကျင်းလျက်ရှိကြောင်း သိရသည်။

**(ကျေးလက်ဦးစီးဌာန)**





## စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၃**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၄ ခုနှစ် (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၃ ရက် နံနက် ၉ နာရီခွဲခန့်တွင် ဗဟန်းမြို့နယ် ကျောက်ဆည်မွှာရုံ၌ကျင်းပရာ**(အပေါ်ပုံ)** သဘာပတိ ဗိုလ်ချုပ်အောင်ခင် (ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက်(၇၅)နှစ်နှင့်အထက် ၅၃ ဦး၊ မသန်စွမ်း စစ်မှုထမ်းဟောင်း ၁၃ ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး ငါးဦးတို့အား ထောက်ပံ့ငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြောင်းနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးသန်း(ကြေးမုံ)**

## မော်လမြိုင်သင်္ကြန်ယာဉ်မတော်တဆမှုလျော့နည်းရေးဆောင်ရွက်မည်

**မော်လမြိုင် မတ် ၂၃**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ်တွင် ရိုးရာမပျက် ကျင်းပသည့် မဟာသင်္ကြန်ရက်များတွင် ခိုက်ရန်ဖြစ်ပွားမှုနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုလျော့နည်းစေရေးနှင့် ပြည်သူများ ပါဝင်ကူညီဆောင်ရွက်ရေးအတွက် စကားဝိုင်းဖွဲ့တွေ့ဆုံပွဲကို မတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ မြို့မရဲစခန်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညိုလှက ယခုနှစ်သင်္ကြန်ပွဲတော်ကို ယမန်နှစ်ကထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး မိဘပြည်သူများ၏ သားသမီးများ အေးချမ်းစွာရေကစားနိုင်ရေးနှင့်ပျော်ရွှင်စွာသွားလာနေသည့် ပြည်သူများကို စိတ်အနှောင့်အယှက်မဖြစ်အောင် ခိုက်ရန်ဖြစ်ပွားမှုမရှိစေရေး၊ ယာဉ်မတော်တဆဖြစ်ပွားမှုမရှိစေရေး၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ဆူညံအောင် အိပ်ဇောဖြုတ်ခြင်းများမရှိစေရေးတို့ကို ပြည်နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့ အမှတ်(၉)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတိယရဲမှူးဌေးရွှေက ယမန်နှစ်က ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုများကြောင့် သေဆုံးသွားသူများအကြောင်းနှင့် ပြည်နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများဆောင်ရွက်ထားရှိမှု၊ လမ်းဆုံလမ်းခွများတွင် အချက်ပြမီးပွိုင့်များတပ်ဆင်ထားရှိမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုဖြင့်အရေးယူ ဆောင်ရွက်ထားရှိမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းကို ရှင်းလင်းတင်ပြသည်။

အလားတူ တွေ့ဆုံပွဲကို မော်လမြိုင်မြို့ ဖားအောက်ရဲကင်းရဲစခန်းပိုင် ဖားအောက် ရိုးဂိုးကျေးရွာတို့တွင်လည်း ကျင်းပခဲ့ကြောင်းနှင့် ရပ်ကွက်/ကျေးရွာတို့တွင် နယ်မြေရဲစခန်းမှူးများ၊ ရဲကင်းရဲစခန်းမှူးများက ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ယခုနှစ်သင်္ကြန်ကာလတွင် ယခင်နှစ်ထက် ယာဉ်ထိန်းရဲအင်အား ပိုမိုအသုံးပြုသွားမည်

**ရန်ကုန် မတ် ၂၃**

မြန်မာ့ရိုးရာ သင်္ကြန်ကာလတွင် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို ရှင်းလင်းနိုင်ရန်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အားကို ယခင်နှစ်များနှင့်မတူဘဲ အင်အားတိုးချဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး လင်းထွဋ်ထံမှ သိရသည်။

ယင်းသို့ လုပ်ဆောင်ရခြင်းမှာ မော်တော်ယာဉ် အစီးရေသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာလျက်ရှိ၍ မော်တော်ယာဉ်မှတ်ပုံတင်အစီးရေ တစ်လလျှင်တစ်သောင်းခန့် တိုးတက်များပြားလာခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

"ဒီနှစ်သင်္ကြန်ကာလမှာ အရင်နှစ်တွေနဲ့မတူဘဲ ယာဉ်ထိန်းရဲအင်အား အပြည့် အသုံးချသွားမှာပါ။ အရင်နှစ်ကတော့ အနားပေးစနစ်နဲ့ ဆောင်ရွက်ထားတာတွေရှိပါတယ်။ မဏ္ဍပ်တွေရဲ့အခြေအနေနဲ့ လမ်းကြောအခြေအနေကိုကြည့်ပြီးတော့ ယာဉ်ထိန်းရဲအင်အားကို အသုံးချသွားမှာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးလင်းထွဋ်က ပြောသည်။

၂၀၁၁ ခုနှစ် သင်္ကြန်ကာလတွင် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း၌ ယာဉ်တိုက်မှု ၃၂ မှု၊ ဒဏ်ရာရသူ ၆၉ ဦးနှင့် သေဆုံးသူ ငါးဦး၊ ၂၀၁၂ သင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု ၃၀၊ ဒဏ်ရာရသူ ၁၀၆ ဦး၊ သေဆုံးသူ လေးဦး၊ ၂၀၁၃ သင်္ကြန်ကာလတွင် ယာဉ်တိုက်မှု ၄၆ မှု၊ ဒဏ်ရာရသူ ၉၂ ဦး၊ သေဆုံးသူ လေးဦးနှင့် ရေပက်ကစားရင်းနှင့် ယာဉ်တိုက်မှုများမှာ ၂၀၁၁ ခုနှစ်တွင် ယာဉ်တိုက်မှု ခြောက်မှု၊ ဒဏ်ရာရသူ ၁၄ ဦး၊ သေဆုံးသူသုံးဦး၊ ၂၀၁၂ ခုနှစ်တွင် ယာဉ်တိုက်မှု ခုနစ်မှု၊ ဒဏ်ရာရသူ ၅၀၊ သေဆုံးသူမရှိခဲ့ဘဲ ၂၀၁၃ ခုနှစ်တွင် ယာဉ်တိုက်မှုနှစ်မှု၊ ဒဏ်ရာရသူ တစ်ဦး၊ သေဆုံးသူတစ်ဦးဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ကေသိန်းဆွေ)**

## သားဖွားခန်းအခြေပြု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုမြှင့်တင်ခြင်းရှင်းလင်းပွဲ ဒေါပုံ၌ ကျင်းပ

**ဒေါပုံ မတ် ၂၃**

သားဖွားခန်းအခြေပြု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုမြှင့်တင်ခြင်း အသိပညာပေးရှင်းလင်းပွဲကို ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း၌ မတ် ၁၆ ရက်က ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဗဟိုဥက္ကဋ္ဌ ဒေါက်တာဒေါ်မွန်မွန်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီအေးက သားဖွားခန်းအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ UNFPA လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါက်တာလှလှအေးက လည်းကောင်း၊ စီမံချက်လုပ်ငန်းများအား ဒေါက်တာဝေမြင့်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်စန္ဒာကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး သားဖွားခန်းရှိ မွေးလူနာများအား အသင်းဗဟိုဥက္ကဋ္ဌ ဒေါက်တာဒေါ်မွန်မွန်အောင်နှင့်အဖွဲ့က အာဟာရနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **အေးသန်း(ဒေါပုံ)**

## သာကေတ၌ လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံခြင်းနှင့်ပတ်သက်၍ ရှင်းလင်း

**သာကေတ မတ် ၂၃**

လျှပ်စစ်ဓာတ်အားခများတိုးမြှင့်ကောက်ခံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၁ ရက်က သာကေတမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းဆွေက လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံရခြင်း၏ရည်ရွယ်ချက်၊ ရရှိလာမည့်အကျိုးကျေးဇူးများနှင့် သုံးစွဲသည့်ယူနစ်အပေါ် ဓာတ်အားခတွက်ချက်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အိမ်သုံးမီတာ ၁ ယူနစ်မှ ၁၀၀ ယူနစ်အထိ ၃၅ ကျပ်၊ ၁၀၁ ယူနစ်မှ ၂၀၀ ယူနစ်အထိ ၄၀ ကျပ်၊ ၂၀၁ ယူနစ်အထက် သုံးစွဲသူများမှာ ၅၀ ကျပ်ဖြစ်ကြောင်း သိရသည်။

**(စိန်လှိုင်ဗို)**

## ဟသ်ာတမြို့နယ်တွင် ကျေးရွာချင်းဆက် လမ်းဖောက်လုပ်

**ဟသ်ာတ မတ် ၂၃ -** မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော ဟသ်ာတမြို့နယ် နတ်မော်-ရဲကွင်း မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို မဟာရွှေမင်းသားကြီးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြေသားလမ်းဖောက်လုပ်ပြီးစီးပါက ချင်းကွင်း၊ လယ်ဦးကုန်း၊ သရက်ပင်ကွင်း၊ ကျောင်းကုန်း၊ သိမ်ကုန်း၊ ဂန့်ဂေါ်တော၊ ရှားဖြူကွင်းနှင့် စွယ်တော်ကုန်း-ငွေးအိုင်ရွာရှစ်ရွာနေ ကျေးလက်ပြည်သူများအား အကျိုးပြုမည့်လမ်းဖြစ်ကြောင်း သိရသည်။ **(ခရိုင်ကျေးလက်)**




### ပျောက်ဆုံးကြောင်း အသိပေးခြင်း

ကျွန်တော်ဦးသန်းထိုက်လင်းကိုင်ဆောင်သော GSM ၀၉-၄၂၀၇၅၀၁၆၉ သည် ၁၇-၃-၂၀၁၄ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် ယခုပျောက်ဆုံးနေစဉ်ကာလအတွင်း ယင်းဖုန်းနှင့်ပတ်သက်ပြီး ဆက်သွယ်နှောင့်ယှက်ပြောဆိုမှုများသည် ကျွန်တော်ဦးသန်းထိုက်လင်းနှင့် လုံးဝ(လုံးဝ)မသက်ဆိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

ဆရာဦးသန်းထိုက်လင်း၊ စွမ်းရည်ထက် နည်းပြသင်တန်း၊ ပျဉ်းမနားမြို့









## နွေရာသီအခြေခံရေကူးသင်တန်း (၂/၂၀၁၄) ဖွင့်မည်

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်နည်းပြဆရာများနှင့် လက်ရွေးစင်များကြီးမှူး၍ နွေရာသီအခြေခံရေကူးသင်တန်း အမှတ်စဉ် (၂/၂၀၁၄)ကို မတ် ၃၀ ရက်မှ မေ ၁ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းအချိန်မှာ အမျိုးသားလူကြီးတန်းကို နံနက် ၉ နာရီခွဲမှ ၁၁ နာရီအထိနှင့် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီအထိလည်းကောင်း၊ အမျိုးသမီးသင်တန်းကို နံနက် ၈ နာရီခွဲမှ ၁၀ နာရီအထိနှင့်မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း၊ မျိုးဆက်သစ်လူငယ်အမျိုးသား၊ အမျိုးသမီးများအတွက် နံနက် ၇ နာရီမှ ၈ နာရီခွဲအထိ၊ နံနက် ၈နာရီမှ ၉ နာရီခွဲအထိ၊ နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိလည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီအထိ၊ မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၄ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီခွဲမှ ၅ နာရီအထိလည်းကောင်း ဖွင့်လှစ်၍ လက်တွေ့သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းမှာ အမျိုးသား(လူကြီး) ၅၀ နှင့် မျိုးဆက်သစ်လူငယ်အမျိုးသား၊ အမျိုးသမီး ၂၀ ကန့်သတ်ထားသဖြင့် ရေကူးအားကစားဝါသနာရှင်များ ကြိုက်နှစ်သက်သည့်အချိန်တွင် သင်တန်းမဖွင့်မီ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်အသက် (၁၀)နှစ်အောက် ဒိုင်ဗင်သင်တန်းကို နံနက် ၇ နာရီမှ ၈ နာရီခွဲအထိ ဖွင့်လှစ်မည် ဖြစ်သည်။

ရေကူးသင်တန်းတက်ရောက်ကြမည့်သူများအနေဖြင့် သင်တန်းကြေးငွေကျပ် ၃၀၀၀၀ နှင့် ကာလာဓာတ်ပုံ ၃ ပုံ၊ ဒိုင်ဗင်သင်တန်းတက်ရောက်သူများကလည်း သင်တန်းကြေးငွေကျပ် ၁၀၀၀၀ နှင့် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

သင်တန်းနှင့်စပ်လျဉ်း၍ သိရှိလိုပါက အမျိုးသားရေကူးကန် ဖုန်း ၀၁-၃၇၈၅၅၀ နှင့် ၀၉-၄၄၈၀၀၅၂၉၁ တို့သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)




## မန်ယူအသင်း အဝေးကွင်း၌ ဝက်စ်ဟမ်းကို နှစ်ဂိုးပြတ်နိုင် တိုက်စစ်မှူးရွန်းနီ အံ့အားသင့်ဖွယ်ဂိုးသွင်းယူ

ပရီမီယာလိဂ်ပွဲစဉ်(၃၁)၏ စနေနေ့ည နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ဝက်စ်ဟမ်းအသင်းနှင့် မန်ယူအသင်းတို့၏ ပွဲစဉ်တွင် မန်ယူအသင်းသည် အဝေးကွင်းသို့ လာရောက်ကစားခဲ့ရသော်လည်း ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး ယင်းပွဲစဉ်တွင် တိုက်စစ်မှူးရွန်းနီသည် အံ့အားသင့်ဖွယ်သွင်းဂိုးတစ်ဂိုးနှင့်အတူ မန်ယူအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် ရွန်းနီ၊ အက်ရှ်လေယန်း၊ ဖယ်လိုင်နီ၊ မာတာ၊ ကာဂါဝါ၊ ဖလက်ချာ၊ ရာဖေးလ်၊ ဖီးဂျုံးစ်၊ မိုက်ကယ်ကားရစ်၊ ဘတ်တနာ စသည့်ကစားသမားများကို ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး အိမ်ရှင်ဝက်စ်ဟမ်းအသင်းမှာမူ ကာရိုးလ်၊ တေလာ၊ နိုဘလီ၊ ဒီယာမီ၊ နိုလန်၊ ဒေါင်းနင်း၊ ဒီမဲလ်၊ မက်ကာနေ၊ ကိုးလ်လင်း၊ တွန်ကင်စသည့် ကစားသမားများကို ၄-၂-၃-၁ မဟာဗျူဟာကို အသုံးပြုလာခဲ့သည်။

မန်ယူအသင်းသည် တိုက်စစ်မှူးရော်ဘင်ဗန်ပါစီ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့သော်လည်း ရွန်းနီ၊ မာတာ၊ ဖယ်လိုင်နီ၊ အက်ရှ်လေယန်းတို့၏ အတွဲညီညီကစားဟန်နှင့်အတူ ပွဲကစားချိန် ၈ မိနစ်တွင် အက်ရှ်လေယန်း၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် တိုက်စစ်မှူးရွန်းနီက ၅၇ ဒသမ ၉ ကိုက်အကွာမှ ဝက်စ်ဟမ်းအသင်း၏ ဂိုးဧရိယာထဲသို့ ကန်သွင်းယူခဲ့ရာမှ မန်ယူအသင်းအဖွင့်ဂိုးစတင်ရရှိခဲ့သည်။

တိုက်စစ်မှူးရွန်းနီ၏ အဆိုပါသွင်းဂိုးသည် ကမ္ဘာကျော်ကစားသမားတစ်ဦး၏ခြေစွမ်းဟု သတ်မှတ်ခြင်းခံခဲ့ရသည့်အပြင် ယင်းပွဲစဉ်သို့ လာရောက်ကြည့်ရှုခဲ့သည့် မန်ယူတောင်ပံ ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဒေးဗစ်ဘက်ခမ်းကို အမှတ်တရ ဖြစ်စေခဲ့ပြီး ဒေးဗစ်ဘက်ခမ်းသည် ၁၉၉၆ ခုနှစ်တွင် မန်ယူအသင်းက ဝင်ဘယ်ဒန်အား သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ယခုရွန်းနီသွင်းယူခဲ့သည့် သွင်းဂိုးပုံစံအတိုင်း မန်ယူအသင်းအတွက် နိုင်ပွဲရယူပေးခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ပွဲကစားချိန် ၃၃ မိနစ်တွင် ဝက်စ်ဟမ်းနောက်တန်း ကစားသမားများ၏ အမှားမှတစ်ဆင့် တိုက်စစ်မှူးရွန်းနီက ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့ခြင်းကြောင့် အဝေးကွင်းတွင် မန်ယူအသင်း နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းသည် ဥရောပဝင်ခွင့်တစ်နေရာအတွက် အဲဗာတန်၊ စပါး၊ အာဆင်နယ်တို့ကို ကျော်ဖြတ်ရန်ရှိနေပြီး ယခုပွဲစဉ်(၃၁)တွင် ဝက်စ်ဟမ်းကို အနိုင်ရရှိခဲ့သော်လည်း ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၇)နေရာ၌သာ ရပ်တည်နေသည်။ ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်က လီဗာပူးအသင်းအား ရှုံးနိမ့်ခဲ့သော်လည်း ချန်ပီယံလိဂ်တွင် အိုလံပီယာကို့စ်အသင်းကို သုံးဂိုးပြတ်နိုင်ပွဲရရှိကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ခြင်းသည် မန်ယူအသင်းအတွက် အကောင်းမွန်ဆုံးခြေစွမ်းပြန်လည်ရရှိလာမည့် အနေအထားတစ်ရပ်ဟုလည်းဆိုရမည်ဖြစ်ပြီး မတ် ၂၅ ရက်တွင်လည်း ပရီမီယာလိဂ်လက်ကျန်ပွဲစဉ်အဖြစ် မန်ချက်စတာမြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ငွေကြယ်

## ကီရန်ဂစ်ကို အနီကတ်မှားပြခဲ့မှုကြောင့် အာဆင်နယ်ကို မာရီနာတောင်းပန်



ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်(၃၁)တွင် အာဆင်နယ်ကွင်းလယ်ကစားသမား ချန်ဘာလိန်က ဘောလုံးအား လက်ထိမိခဲ့ကြောင်း ဝန်ခံခဲ့သော်လည်း ကီရန်ဂစ်အား မှားယွင်းစွာအနီကတ်ပြမိခဲ့ခြင်းကြောင့် ကွင်းလယ်ဒိုင် မာရီနာက အာဆင်နယ်အသင်းအား တောင်းပန်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်ကစားသမား ချန်ဘာလိန်သည် အာဆင်နယ်ပင်နယ်တီဧရိယာထဲတွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဟာဇက်ဂိုးသွင်းရန်ကြိုးပမ်းခဲ့ရာ၌ လက်ထိခဲ့ပြီးနောက် ကွင်းလယ်ဒိုင်မာရီနာက ကီရန်ဂစ်အား အနီကတ်မှားပြခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ်တွင် ကစားသမားတစ်ဦးအသာရရှိခဲ့သည့်ချယ်လ်ဆီးအသင်း အိမ်ကွင်းတွင် ခြောက်ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

ကီရန်ဂစ်အား အနီကတ်ပြခဲ့ခြင်းနှင့် ပတ်သက်၍ စိတ်ပျက်ဖွယ်လုပ်ရပ်တစ်ခုကို လုပ်ခဲ့မိခြင်းဖြစ်ကြောင်းလည်း အာဆင်နယ်အသင်းအား ကွင်းလယ်ဒိုင် မာရီနာက ဝန်ခံပြောကြားခဲ့သည်။ ■

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

Asia Top

H.A.L TRAVELS
09-73040151

Columbus မှ TG-
City Mart gift voucher
SPECIAL PROMOTION
လက်ဆောင် (၂) မျိုး
(Beyond Bangkok)
City Mart gift voucher
Columbus TRAVELS 229245, 216245(ext: 110, 116), 378535, 378549

# နန်းမတော်မယ်နု၏အုတ်ကျောင်းတော်ကြီးသို့ ပြည်တွင်းခရီးသည်များသာမက ပြည်ပခရီးသည်များပါ နေ့စဉ်လာရောက်ခြင်းကြောင့် ဒေသခံများစီးပွားဖြစ်

**အင်းဝ၊ မတ် ၂၃**

မန္တလေးနှင့်ရှစ်မိုင်ခန့်ဝေးသော အင်းဝမြို့ဟောင်းသည် ကောဇာ ၇၂၆ ခုနှစ်တွင် သတိုးမင်းဖျားက မြို့တည်နန်းတည်ခဲ့ပြီး ဘကြီးတော်မင်းလက်ထက် ၁၁၉၉ ခုနှစ်အထိ မင်းမြို့တော်ဖြစ်ခဲ့သည်။ နှစ်ပေါင်း ၄၇၃ ခုနှစ်အထိ မြန်မာနိုင်ငံတစ်နံ့တစ်လျားကို အင်းဝမြို့မှ အုပ်ချုပ်ခဲ့ပြီး အင်းဝမြို့တွင် ယနေ့တိုင်တွေ့မြင်နေရသော နန်းမတော်မယ်နု၏ အုတ်ကျောင်းကြီးသည် အင်းဝ၏ ဂုဏ်ဆောင်ဖြစ်နေဆဲဖြစ်သည်။

အင်းဝကို ငကျည်းအင်း၊ ကျော်မော်အင်း၊ အင်းတူးအင်း၊ အုတ်နဲအင်းတို့အား မြေဖို့၍ အင်းတို့၏ အဝဖြစ်သောကြောင့် အင်းဝဟုလည်းကောင်း၊ မြစ်ငယ်၊ ဇော်ဂျီ၊ ဧရာဝတီမြစ်အဝင်ဝ ဖြစ်သောကြောင့် အင်းဝဟု လည်းကောင်းခေါ်ကြောင်း သိရသည်။

နာမည်ကျော် မယ်နုအုတ်ကျောင်းမှာ သံချောင်းမပါဘဲ နှစ်ပေါင်း ၂၀၀ ကြာအောင် မပျက်မစီးဘဲ တည်တံ့နေသည်မှာလည်း မြန်မာတို့၏ ဗိသုကာလက်ရာကို ချီးကျူးစရာဖြစ်သည်။

တစ်ဖန်နန်းမတော်မယ်နုနှင့် အကျင့်သိက္ခာ၊ သီလ၊ ပညာရှိသောဆရာတော်ဦးဗုဒ်ကိုလည်း အမှတ်ရမိသည်။

"ဟဲ့ကျောင်းပေါ်မှာ ဟိုပြေးဒီပြေးနဲ့ ဆော့လှတဲ့ကလေး ဘယ် မိမဆုံးမ ဖမဆုံးမတဲ့ကလေးလည်း" ဟု ဆရာတော်ဦးဗုဒ်ရဲ့ ငေါက်သံကို ကြားယောင်မိပါပြီး မင်းအလိုလိုက် မင်းအကြိုက်ကို မဆောင် ပြောရဲဆိုရဲသော ဆရာတော်၏သတ္တိကိုလည်း ချီးကျူးကြည်ညိုမိရပါသည်။

နန်းမတော်မယ်နုသည် မဟာအောင်မြေဘုံစံကျောင်းတော်ကြီးကို ငွေဒင်္ဂါးသုံးသိန်းအကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဦးစွာပထမ အရှင်နာရိန္ဒ(ညောင်ကန်ရွာဘုတလင်မြို့နယ်)ကို လှူဒါန်းရာဖြစ်သည်။

အရှင်နာရိန္ဒသည် ပျို့ကဗျာ လင်္ကာတို့ကို ရေးသားရာမှာ နာမည်ကြီးပြီး "ကျုပ်တို့က မင်းဆရာဖြစ် လောက်အောင် စာလည်း မတတ်ပါဘူး စာတတ်အကျော်ဦးပိုးကိုသာ နေပြည်တော်သို့ ပင့်သွားကြပါ"ဟု ဆရာတော်အရှင်နာရိန္ဒက မိန့်တော်မူသဖြင့် ညောင်ကန်ရွာနေ ဦးပိုးကို လှူဒါန်းခဲ့သော ကျောင်းတော်ကြီးလည်း ဖြစ်သည်။

ဆရာတော်ဦးပိုးသည် တစ်နှစ်မျှသာ သီတင်းသုံးပြီး ပျံလွန်တော်မူခဲ့ရာ နန်းမတော်မယ်နုသည် ညောင်ကန်ရွာနေ စာတတ်အကျော်ဆရာတော်ဦးဗုဒ်ကို ပင့်ဆောင်၍ ကျောင်းထိုင်စေခဲ့သည်။



**အင်းဝမြို့တွင် ယနေ့တိုင်တွေ့မြင်ရသော နန်းမတော်မယ်နု၏ အုတ်ကျောင်းတော်ကြီးအား တွေ့ရစဉ်။**

အုတ်ကျောင်းတော်ကြီး ရေစက်ချစဉ် ဘကြီးတော်မင်းတရားက ဆုံးမတော်မူပါဟု လျှောက်ထားရာ ဆရာတော်ဦးဗုဒ်မှ "မင်းတို့ရှင်ဘုရင်ဆိုတာ မင်းကျင့်တရားနဲ့အညီ ကျင့်နေရင် ဘာမှဆုံးမနေစရာမလိုဘူး မင်းနဲ့တူအောင် မကျင့်ရင် ငါနဲ့မဆိုင်ဘူး အဝီစိနဲ့သာဆိုင်သည်"ဟု တိုတိုတုတ်တုတ် ဆုံးမဩဝါဒပေးတော်မူသည်။

နန်းမတော်မယ်နု၏ ဇာတ်သိမ်းခန်းသည်လည်း မလှမပရှာချေ။ သို့သော်လည်း ဆရာတော်ဦးဗုဒ်၏ "ဟဲ့မယ်နု သူ့အကြွေးရှိရင် ဆပ်ရမှာဘဲ" ဟု ဩဝါဒစကားနှင့် နန်းမတော်မယ်နုသည် ဘဝအကူးကို ကြည်ကြည်နူးနူး လက်ခံသွားခဲ့သည်။

ယနေ့ခေတ်ကာလတွင် နန်းမတော်မယ်နု၏ အုတ်ကျောင်းတော်ကြီးသို့ ပြည်တွင်းခရီးသည်များသာမက ပြည်ပခရီးသည်များပါ နေ့စဉ် လာရောက်နေသောကြောင့် နိုင်ငံတော်အစိုးရသာမက ဒေသခံပြည်သူများ၏စီးပွားရေးကိုလည်း အထောက်အကူပြုနေကြောင်း သိရသည်။

**နေဦးမောင်(ပခုက္ကူ)**

# အနုပညာပန်းဆယ်မျိုးရှိသည့် ရွှေကူဘုရားသို့ ဘုရားဖူးများပြားလာ

**ပခုက္ကူ၊ မတ် ၂၃**

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရ၏ ပွင့်လင်းမြင်သာစွာလုပ်ဆောင်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ယဉ်ကျေးမှု၊ အနုပညာမြို့တော်များသို့ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လာမှုမှာ တစ်နှစ်ထက်တစ်နှစ် မြင့်မားလာသည်။

ပခုက္ကူမြို့နယ်သည် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုလက်ရာ အမွေအနှစ်များ ထွန်းကားရာဒေသဖြစ်ပြီး ပုဂံခေတ်နှင့် အပြိုင် မြို့ရွာဒေသရှိခဲ့သောကြောင့် ပုဂံခေတ်လက်ရာ၊ ညောင်ရမ်း၊ အင်းဝ၊ ကုန်းဘောင်လက်ရာမျိုးစုံ၊ ယနေ့ထက်တိုင် တွေ့မြင်နေရသောဒေသတစ်ခုလည်းဖြစ်သည်။

ပခုက္ကူမြို့သည် ပုဂံနှင့် ၁၄ မိုင်ခန့်ကွာဝေးပြီး ပခုက္ကူ(သို့)သားထုတ်ကူရွာကြီးသည် ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော်စေတီပုထိုးများစွာရှိသည်။

သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူမြတ်စွာဘုရား၊ ဖောင်တော်ဦးမြတ်စွာဘုရားတို့သည် ပုဂံမင်းများ၏ ကောင်းမှုတော်များဖြစ်ပြီး ပခုက္ကူမြို့ အမှတ် ၉ ရပ်ကွက် ဗိုလ်ချုပ်လမ်းမဘေး၌ ကိန်းဝပ်စံပျော်သော ရွှေကူဗုဒ္ဓ မြတ်စွာဘုရားကြီး၏ တန်ဆောင်းတော်အတွင်းဝယ် တန်ဖိုးမဖြတ်နိုင်သော အနုပညာပန်းဆယ်မျိုး၊ လက်ရာစုံစွာကို ထိန်းသိမ်းစောင့်ရှောက် ထားလျက်ရှိသည်။

ကမ္ဘာကျော် ရွှေကူတံကဲလက်ရာကြီးရှိသလို ဝေဿန္တရာဇာတ်ထုပ် စာတိုက်သေတ္တာကြီးလည်း ရှိသည်။

မန္တလေးမြို့ ပန်းချီဆရာကြီး ဦးစောမောင်၏ နိပါတ်တော်ပန်းချီကားချပ်ကြီး ၂၀ ကျော်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ရွှေကူဘုရားကြီး အကျိုးတော်ဆောင် တစ်ဦးကပြောသည်။

သွားလမ်းလာလမ်း ကောင်းမွန်သော ရွှေကူဗုဒ္ဓမြတ်စွာ ဘုရားကြီးသို့ အနယ်နယ်မှ ဘုရားဖူးများ လာရောက်သလို ပြည်ပဧည့်သည် ကမ္ဘာလှည့်ခရီးသွားများလည်း နေ့စဉ် လာရောက်နေကြောင်း သိရသည်။

"ယဉ်ကျေးမှုဌာနရဲ့အကူအညီကိုလည်းရယူသွားမှာပါ။ ကျွန်တော်တို့ ဘုရားမှာ ခေတ်အဆက်ဆက်လက်မှု အနုပညာပန်းဆယ်မျိုးလက်ရာတွေကို ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်" ဟု အကျိုးဆောင် တစ်ဦးက ပြောပြသည်။

**နေဦးမောင်(ပခုက္ကူ)**

## သတင်းတို

### သန်းခေါင်စာရင်းကောက်ယူရေးပစ္စည်းများ ပေးအပ်

ကချင်ပြည်နယ်မိုးကောင်းမြို့နယ်၌ ဖွင့်လှစ်ထားသော ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး စာရင်းစစ်၊ စာရင်းကောက်သင်တန်းသား၊သင်တန်းသူများသို့ သန်းခေါင်စာရင်းကောက်ယူရေးအတွက် လုပ်ငန်းသုံးအထောက်အကူ ပြုပစ္စည်းများ ပေးအပ်ပွဲအခမ်း အနားကို မတ် ၂၁ ရက် နံနက် ၁၀နာရီတွင် မိုးကောင်းမြို့ နောင်ကိုင်တော် အ-ထ-က ခွဲ၌ ကျင်းပခဲ့ပြီးသင်တန်းသား၊သင်တန်းသူများထံသို့ လုပ်ငန်းသုံးအထောက် အကူပစ္စည်းများ ပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်သန်း ခေါင်စာရင်းကောက်ယူရေးကော်မတီဝင်များ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်လဝကဦးစီးမှူးနှင့် ဝန်ထမ်းများ၊ပညာရေးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူ ၂၆၄ ဦးတို့ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**



# ၆၉ နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စံပြ(၁)လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ ညောင်လေးပင်မြို့၌ကျင်းပ



ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့်ဝန်ထမ်းများသည် မတ် ၂၀ ရက်၊ ၂၂ ရက်နေ့များတွင် ကိုယ့်အားကိုယ်ကိုးမီးလင်းရေးကျေးရွာများဖြစ်သော စမ်းရွာ၊ ပေါက်တော၊ လာကပုံနှင့် ကန်ဘဲ့ကျေးရွာများသို့ ဓာတ်အားခနွှန်းထားများ တိုးမြှင့်ပြင်ဆင်ကောက်ခံရခြင်းနှင့် ပတ်သက်၍ ကျေးရွာအရောက်ကွင်းဆင်းရှင်းလင်းခဲ့သည်။အဆိုပါကျေးရွာများမှ လျှပ်စစ်မီး သုံးစွဲသူကျေးလက်ပြည်သူလူထု ၄၆၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- မျိုးလှိုင်(တွံတေး)

**ညောင်လေးပင်၊ မတ် ၂၃**

၆၉ နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော စံပြ ၁ လမ်းကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၈ နာရီက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပခဲ့သည်။

စံပြ ၁ လမ်းသည် ဒေသခံပြည်သူ နှစ်သောင်းကျော်၊ အိမ်ခြေ ၉၀၀ ကျော်ရှိ ရပ်ကွက်နေပြည်သူများ၊ ကျောင်းသားများ အများဆုံးအသုံးပြုရာ လမ်းဖြစ်ပြီး ယခင်ဂဝံနှင့် မြေသားပေါင်းစပ်ခင်းထားသော လမ်းဖြစ်ခြင်းကြောင့် မိုးတွင်းကာလသွားလာရေးတွင် ခက်ခဲခဲ့သော လမ်းဖြစ်သည်။

အဆိုပါကတ္တရာလမ်းသစ် သည် အရှည် ၁၄၈၀ ပေရှိပြီးအကျယ် ၁၀ ပေရှိကြောင်း သိရသည်။

ယင်းလမ်းသစ်အား ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေကျပ်သိန်း ၂၉၉၃၄၀၅၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကတ္တရာလမ်းသစ် ခင်းခြင်းကြောင့် ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

အခမ်းအနားတွင် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းက အဖွင့်အမှာစကား ပြောကြားပြီး လမ်းနှင့် ပတ်သက်၍ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ကျေးဇူးတင်စကား ပြောကြားပြီး အထိမ်းအမှတ်အလံများအား တာဝန်ရှိသူများက အသီးသီး ပေးအပ်ကြသည်။

စံပြ ၁ လမ်းအားမြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စားမြို့နယ် ဖွံ့ဖြိုးတိုးတက် ရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအမ်လှသောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကော်မတီဥက္ကဋ္ဌ ဦးလှကြည်တို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## သတင်းတို

### အရေးပေါ်ဆေးသေတ္တာများ ထောက်ပံ့လှူဒါန်း

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကော့သောင်းမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းသို့ အရေးပေါ်ဆေးသေတ္တာ ၁၄ မျိုးအား ထောက်ပံ့လှူဒါန်းခြင်းကို မတ်၂၂ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ပြုလုပ်သည်။ လှူဒါန်းပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ အဖွဲ့ဝင်လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်ဆန်းထွန်းတို့မှ ထောက်ပံ့လှူဒါန်းပေးအပ်ရာမြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းဒုတိယတပ်ရင်းမှူး ဦးကိုကိုကြီးနှင့်တာဝန်ရှိသူများလက်ခံရယူသည်။ **ကျော်စိုး**

# သင်္ကြန်တွင်း တစ်လမ်းမောင်းစနစ်ကျင့်သုံးမည့်နေရာများသတ်မှတ်

**ရန်ကုန်၊ မတ် ၂၃**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် ဧပြီ ၁၃ ရက်(အကြိုနေ့)မှ ဧပြီ ၁၆ ရက်(အတက်နေ့)အထိ နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ရှိ တစ်လမ်းမောင်းစနစ် ကျင့်သုံးမည့်နေရာများသတ်မှတ်မှုကို မတ် ၂၁ ရက်က အမှတ်(၂)ယာဉ် ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)တွင် ပြုလုပ်သည့် မီဒီယာများနှင့် တွေ့ဆုံသည့် ပွဲတွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တစ်လမ်းမောင်းစနစ် ကျင့်သုံးသွားမည့်နေရာများမှာ ဆရာစံလမ်းတွင် ကမ္ဘာအေးစေတီလမ်းဆုံ(ဟာမစ်တစ်)မှ စက်မှု(၁) လမ်းဆုံ(ရန်ကင်းစင်တာ)အထိ အနောက်မှ အရှေ့သို့ တစ်လမ်းမောင်းအဖြစ် လည်းကောင်း၊ ရန်ကုန်မြို့တွင်းရှိ မဟာဗန္ဓုလလမ်းတွင် ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိ အရှေ့မှ အနောက်သို့ တစ်လမ်းမောင်းအဖြစ် လည်းကောင်း၊ ကန်တော်ကြီးပတ်လမ်းတွင် ဦးထောင်ဘိုအဝိုင်း၊ တိရစ္ဆာန်ဉယျာဉ်ဘက်မှ

> **ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ချိုးဖောက်မှုများအား လမ်းဆုံ၊လမ်းခွ မီးပွိုင့်များတွင် တပ်ဆင်ထားသည့် CCTV ကင်မရာများဖြင့် ရိုက်ကူးအရေးယူ . . .**

ကန်ရိပ်သာလမ်းသို့ အဝင်လမ်းအဖြစ်သတ်မှတ်ပြီး ကန်ရိပ်သာလမ်းအတိုင်းလက်ဝဲရစ် မောင်းနှင်၍ ၎င်းမှ နတ်မောက်လမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းဆုံသို့ အထွက်အဖြစ် သတ်မှတ်ထားသည်။

ထို့ပြင် ကန်တော်ကြီးပတ်လမ်းသို့ ချဉ်းကပ်လမ်းများအားလုံး ညာကွေ့ပြီး လက်ဝဲရစ်မောင်းနှင်ရမည်ဖြစ်သည်။

ကန်တော်ကြီး ပတ်လမ်းသို့ဝင်ရောက်မည့် အထက်ပန်းဆိုးတန်းမှ ယာဉ်များသည် ဒေါ်သိန်းတင်မီးပွိုင့်မှလည်းကောင်း၊ သိမ်ဖြူလမ်းမှ ယာဉ်များသည် သိမ်ဖြူငါး ခွဆုံမှ လည်းကောင်း လမ်းလွှဲအတိုင်းမောင်းနှင်ရမည်ဖြစ်ကြောင်းသိရသည်။

ကန်တော်ကြီးပတ်လမ်း တစ်လျှောက်တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ မော်တော်ယာဉ်များ ရပ်နားခြင်း မပြုကြရန်နှင့် မော်တော်ယာဉ်များသည် သတ်မှတ်ထားသည့် လမ်းများမှ မောင်းနှင်နိုင်ရေးအတွက်လည်း သတိပေးချက်များထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်သွား မည်ဖြစ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား လမ်းဆုံ၊ လမ်းခွ မီးပွိုင့်များတွင် တပ်ဆင်ထားသည့်CCTV ကင်မရာများဖြင့် ရိုက်ကူးအရေးယူခြင်း၊လမ်းအလယ်၌မော်တော်ယာဉ် စက်ပျက်၍ရပ်နားထားပါက ကရိန်းယာဉ်ဖြင့်ဆွဲယူခြင်းတို့ ပြုလုပ်မည်ဖြစ်သည်။

ထို့ပြင် သင်္ကြန် ကာလအတွင်း ယာဉ်မောင်သူများ လိုက်နာရန် အချက်၁၁ ချက်ပါရှိသည့် နှိုးဆော်စာအား ဧပြီ ၁ ရက်မှစ၍ စတင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ **တင်မောင်ဦး**












# ဘုရင့်နောင်ပွဲရုံဝင်း အတွင်းလုံခြုံရေးဆိုင်ရာ များဒေသခံနှင့်ဌာန ဆိုင်ရာတွေ့ဆုံဆွေးနွေး

**ရန်ကုန်၊ မတ် ၂၃**

မတ် ၂၁ ရက် ညနေ ၄ နာရီက ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ် ရပ်နားစခန်းဝင်း စည်ပင်သာယာ ကွပ်ကဲရေးရုံးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးဝင်းကြည်နှင့် ဘုရင့်နောင်နယ်မြေရဲစခန်း နယ်မြေအတွင်းရှိ ရပ်ကွက်လူထုများ၊ ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ရပ်မိရပ်ဖ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကျင်းပရာ မရမ်းကုန်းမြို့နယ် တိုင်းဒေသကြီးလွှတ် တော်ကိုယ်စားလှယ်၊ စည်ပင်သာယာ ဘုရင့်နောင်ကွပ်ကဲရေးရုံးတာဝန်ခံ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စခန်းအကျိုးဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။

ယခုရက်ပိုင်း တွေ့ကြုံနေရသော ဘုရင့်နောင်ပွဲရုံဝင်းအတွင်း လုံခြုံရေးဆိုင်ရာများနှင့် ပတ်သက်၍ ရဲမှူးကြီးမှ ရှင်းလင်းပြောကြား ပြီး ပွဲရုံလုပ်ငန်းရှင်များ၏ တင်ပြချက်အပေါ် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များမှ ပြန်လည်ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲကို ညနေ ၆ နာရီ ၃၀ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဘုရင့်နောင် ပွဲရုံဝင်းသည် ကုန်ခြောက်ပွဲရုံ ၅၈၀၊ ရေထွက်ပစ္စည်းပွဲရုံ ၁၁၀၊ ဆန်ပွဲရုံ ၂၈၀၊ ကားဂိတ် ၃၄၀ တို့ဖြင့် ရောင်းဝယ် ကုန်စည်ပို့နေသော ဝင်းဖြစ်ကြောင်း၊ ဘုရင့်နောင်ရဲစခန်း အနေဖြင့် အင်အား ၄၇ ဦးရှိပြီး ရဲစခန်းအပိုင်တွင် ရပ်ကွက်ပေါင်း (၃)ရပ်ကွက်၊ အိမ်ခြေ ၁၂၂၈၉၊ အိမ်ထောင်စု ၁၆၆၉၉၊ လူဦးရေ ကျား ၄၄၇၇၃၊ မ ၅၁၄၀၃ စုစုပေါင်း ၉၆၁၇၆ ဦးရှိသည့်အတွက် လူဦးရေ ၂၀၄၇ ဦးလျှင် ရဲအင်အားတစ်ဦးနှုန်းသာရှိကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ကျင့် ၅၄(၅၀)မှု၊ ပြည့်တန်ဆာမှု ၅၄ မှု၊ လောင်းကစား ၁၀ မှု၊ အရက်ပုန်း ၄၃ မှု၊ လက်နက်ပုန်း ခုနစ်မှု၊ မူးယစ်ဆေးဝါး လေးမှုဖြစ်ပွားခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ယခုအချိန်ထိ ကျင့် ၅၄ (၁၁) မှု၊ ပြည့်တန်ဆာ ၁၁ မှု၊ လောင်းကစား သုံးမှု၊ အရက်ပုန်းသုံးမှု၊ လက်နက်ပုန်း တစ်မှုရှိကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် အလှပြင်ဆိုင် အမည်ခံ အနှိပ်ခန်းဖမ်းရာ အနှိပ်ခန်းဖွင့်လှစ်လုပ်ကိုင်သည့် ဆိုင်ကိုးဆိုင်မှ မန်နေဂျာ ၁၁ ဦး၊ အနှိပ်သမ ၈၂ ဦးပေါင်း ၉၃ ဦး ဖမ်းဆီးမိခဲ့ပြီး ၂၀၁၄ ခုနှစ် ယခုအချိန်ထိ အနှိပ်ခန်းဆိုင်ပေါင်း ခုနစ်ဆိုင်မှ မန်နေဂျာ ခုနစ်ဦး၊ အနှိပ်သမ ၈၂ ဦး စုစုပေါင်း ၈၉ ဦးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု တွေ့ဆုံပွဲသတင်းထုတ်ပြန်ချက်အရ သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ပွဲရုံလုပ်ငန်းရှင်များအနေဖြင့် ပွဲရုံတစ်ရုံလျှင် လစဉ်သန့်ရှင်းရေးအခွန် ကျပ် ၅၀၀၀၊ ကင်းကြေး ကျပ် ၂၅၀၀ နှုန်း တစ်နှစ်လျှင် ကျပ် ၉၀၀၀၀ ထည့်ဝင်ပြီး ပွဲရုံဝင်းအတွင်း သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကို နှစ်နှစ်တစ်ကြိမ် ပွဲရုံလုပ်ငန်းရှင်များမှ ရွေးချယ်တင်မြှောက်သော စခန်းအကျိုးဆောင်အမည်ဖြင့် NGO အဖွဲ့အစည်း ဖွဲ့စည်းလုပ်ကိုင်နေကြောင်း ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**မောင်စေအောင်**



**သီပေါမြို့တွင် နွားမွေးမြူသူများ ကမိမိတို့နွားများကို စည်းကမ်းမဲ့စွာ လွှတ်ကြောင်းထားသဖြင့် အိမ်ရှေ့ အိမ်ဝင် ပန်းအလှစိုက်ပျိုးသူများ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် လမ်းသွားလမ်းလာများကို အနှောင့်အယှက်ဖြစ်စေပြီး အဆိုပါနွားများကို ရှောင်တိမ်းသွားလာနေရသဖြင့် ယာဉ်အသွားအလာခက်ခဲနေရကြောင်းဒေသခံများက ပြောသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင်ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ငါးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပွဲတော်ရက်များအတွင်းယာဉ်စည်းကမ်း၊လမ်းစည်းကမ်းလိုက်နာမှု အားနည်းသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် အချို့ကြောင့် ယာဉ်တိုက်မှုဖြစ်ပွားကာ လူခုနစ်ဦး အသက်ဆုံးပါးခဲ့ရကြောင်း သိရသည်။**သတင်းနှင့်ဓာတ်ပုံ- စိုင်း(သီပေါ)

# မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီမှကြီးမှူး၍ နွေရာသီအခြေခံအားကစား သင်တန်းများမတ်လအတွင်းဖွင့်လှစ်

**မန္တလေး၊ မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီမှုကြီးမှူး၍ နွေရာသီအခြေခံအားကစားနည်း သင်တန်းများကို မတ် ၉ ရက်မှ ဧပြီ ၆ ရက်အထိ မန္တလေးမြို့ရှိ သတ်မှတ်အားကစားကွင်းနှင့် အားကစားခန်းမတို့တွင် နံနက်ပိုင်းနှင့် ညနေပိုင်းတို့၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ နွေရာသီအခြေခံအားကစားနည်းသင်တန်းများဖွင့်လှစ်ရာတွင် တိုက်ကွမ်ဒို၊ ဝူရှူး၊ ကာယဗလနှင့် ကာယအလှ၊ စားပွဲတင် တင်းနစ်၊ စစ်တုရင်၊ ကရာတေးဒို အားကစားနည်းများကို ဗထူးအားကစားခန်းမတွင်လည်းကောင်း၊ ဘော်လီဘောအားကစားနည်းကို ချမ်းမြသာစည်မြို့နယ်အားကစားကွင်း၌လည်းကောင်း၊ ပိုက်ကျော်ခြင်းအားကစားနည်းကို မဟာအောင်မြေအားကစားကွင်း၌လည်းကောင်း၊ လက်ဝှေ့အားကစားနည်းကို ၁၂ လမ်းရှိ လူငယ်သင်တန်းကျောင်း၌လည်းကောင်း၊ ရိုးရာခြင်းအားကစားနည်းကို ဗောဓိကုန်းဘုရားဝင်း၌ လည်းကောင်း၊ ရေကူးအားကစားနည်းကို ရတနာပုံရေကူးကန်၌လည်းကောင်း၊ ဘတ်စကက်ဘောကစားနည်းကို ဗထူးအားကစားခန်းမနှင့် ကွမ်တုံဘုရားကျောင်း၌လည်းကောင်းသင်ကြားပို့ချမည်ဖြစ်သည်။

မြန်မာ့ရိုးရာသိုင်း၊ ရိုးရာလက်ဝှေ့၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်အားကစားနည်းများကို အောင်မြေမန္တလာအားကစားကွင်း၌လည်းကောင်း၊ ဘိလိယက်နှင့် စနူကာအားကစားနည်းကို မြို့မကလပ်၌လည်းကောင်း၊အလေးမအားကစားနည်းကို လူငယ်အားမာန်ကလပ်၌လည်းကောင်း၊တင်းနစ် အားကစားနည်းကို ရွှေမန်းတောင်တင်းနစ်ကွင်း၌လည်းကောင်း၊ စက်ဘီးစီး အားကစားနည်းကိုမန္တလာသီရိအားကစားကွင်း၌လည်းကောင်း၊ ဘောလုံးအားကစားနည်းကို မဟာအောင်မြေမြို့နယ်အားကစားကွင်း၊ ချမ်းမြသာစည်မြို့နယ်အားကစားကွင်း၊ ရွှေမန်းတောင်အားကစားကွင်းတို့တွင်အားကစားနည်းပြဆရာများက သင်ကြားပို့ချပေးလျက်ရှိသည်။

**မောင်ပြည်သူ(မန္တလေး)**

## သတင်းတို

### ရွှေဆိုင်လုယက်ခဲ့သူကို မူးယစ်ဆေးသုံးမှုထပ်ဖွင့်

ချမ်းအေးသာစံမြို့နယ်ရှိမောင်ကိန်းရွှေဆိုင်သို့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် ညနေက ဝင်ရောက်ရွှေများ လုယက်စဉ် ဝိုင်းဝန်းဖမ်းဆီးမိခဲ့သော လျှိုသက်ရှန် (၄၀)နှစ်ကို ချမ်းအေးသာစံမြို့နယ် မြို့မရဲစခန်းကအမှုဖွင့်ဖမ်းဆီး စစ်ဆေးပြီးအခင်းဖြစ်စဉ်က အားရှန့်လွယ်ထားသည့် အိတ်အတွင်းရှိ အိတ်အသေးအတွင်းမှစက္ကူဖြင့် ထုပ်လျက် ကြယ်ပုံစံပါ အစိမ်းရောင်ဆေးတစ်လုံးအား သိမ်းဆည်းရမိခဲ့သည်။ ထိုဆေးပြားအားမည်သည့်ဆေးအမျိုးအစားဖြစ်ကြောင်း ဓာတုဗေဒစစ်ဆေး ရေးဌာနခွဲသို့ ပို့၍ မေးမြန်းခဲ့ရာမှ အားရှန့်သည် မူးယစ်ဆေးဝါး သုံးစွဲထားကြောင်းသိရ၍ ထပ်မံအမှုဖွင့်ထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သည့် နေ၊ လေ၊ ဘူမိအပူနှင့် ဇီဝလောင်စာများသုံးကာ လျှပ်စစ်စွမ်းအင်ထုတ်လုပ်သင့်

**ရန်ကုန် မတ် ၂၃**

မြန်မာနိုင်ငံတွင် ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သည့် နေ၊ လေ၊ ဘူမိအပူနှင့် ဇီဝလောင်စာများကို သုံးကာ လျှပ်စစ်စွမ်းအင် ထုတ်လုပ်သင့်ကြောင်း မြန်မာ့ပထဝီအသင်းမှ ပါမောက္ခဦးမောင်မောင်အေးက ပြောသည်။

နိုင်ငံဖွံ့ဖြိုးလာသည်နှင့်အမျှ စွမ်းအင်သုံးစွဲမှုယခင်ကထက် ပိုမိုများပြားလာပြီး စွမ်းအင်လိုအပ်ချက်လည်းမြင့်မားလာသည့်အတွက် မတ် ၂၀ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဒိုင်းမွန်းကွန်ဒို၌ ကျင်းပသည့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များနှင့် ကြီးမားသော စီမံကိန်းများ အာဆီယံနိုင်ငံများအတွင်း အရင်းအမြစ်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာများအပေါ် ရေအားလျှပ်စစ်စီမံကိန်းများ၏ အကျိုးသက်ရောက်မှုများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင်ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ရေလှောင်ကန်တွေ၊ ဆည်တွေဆောက်ရင် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ပါတယ်။ ကောက်ပဲသီးနှံဖွံ့ဖြိုးမယ်။ ဆည်ကြီးထဲမှာ တစ်နေရာနဲ့ တစ်နေရာ သွားလာနိုင်တဲ့အတွက် သွားလာရေး အဆင်ပြေနိုင်မယ်။ ရေကြီးရေလျှံတာတွေကိုလည်း ကာကွယ်နိုင်တယ်ဆိုပေမယ့် နောင် ၁၀-၁၅ နှစ်ကြာတဲ့အခါ ဆိုးကျိုးတွေ ပြန်လာပြီး တစ်ခါတစ်ရံ ရေကြီးတာ၊ မုန်တိုင်းကျတာတွေဆိုရင် ရေကို လွှတ်ပေးရမယ်။ ကြိုမသိတော့ လွှတ်မပေးတဲ့အတွက် လယ်၊ ယာတွေပျက်စီးမယ်။ ရေကြီးတဲ့အတွက် ကျွဲ၊ နွားတွေသေမယ်။ ဆည်က မြင့်လေ စိုးရိမ်ရလေဖြစ်ပြီး အဲဒီဒေသမှာရှိတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေကို ထိခိုက်နိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မြန်မာနိုင်ငံသည် အပူပိုင်းနိုင်ငံဖြစ်သည့်အတွက် နေရောင်အမြောက်အမြားရနေသည်။ ကျရောက်သည့် နေရောင်ကို မြင်းကောင်ရေအဖြစ်ပြောင်းလဲကာ နေစွမ်းအင်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်မည်ဖြစ်သည့်အပြင် ရခိုင်၊ တနင်္သာရီ၊ မွန်နှင့် မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းများတွင် တိုက်ခတ်နေသည့်လေစွမ်းအင်ကိုလေရဟတ်ကြီး အသုံးပြုကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဘူမိအပူထုတ်နိုင်သည့် နေရာ ၉၃ ခုရှိပြီး မြေလွှာ၏အောက်ပိုင်း ကျောက်လွှာများတွင် အောင်းနေသည့် ဘူမိအပူမှ တစ်ဆင့်လည်း လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်ကြောင်းကို အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာပညာရှင်များက ဆွေးနွေးခဲ့သည်။

ယခုအခါ ကျေးလက်ဒေသ မီးလင်းရေးအတွက် ဇီဝရုပ်ကြွင်းပစ္စည်းများကို လှောင်ထားပြီး လျှပ်စစ်ထုတ်လုပ်လျက်ရှိသည်။ "ကမ္ဘာမှာ နေရောင်က ဆိုလာဆဲလ်တွေကို ထုတ်လုပ်စရိတ် သက်သာတဲ့ နည်းတွေနဲ့ လျှပ်စစ်ထုတ်လုပ်နိုင်နေပြီလို့ သိရတယ်။ မြန်မာနိုင်ငံမှာ ဇီဝရုပ်ကြွင်း၊ ဆိုလာ၊ နေ၊ လေတွေဆိုတာ အမြောက်အမြား ရှိနေတာပါ။ လက်ရှိအနေအထားအရ အခက်အခဲအချို့ရှိနိုင်သော်လည်း နောင်မှာ အောင်မြင်နိုင်ပါတယ်"ဟု တက်ရောက်လာသူတစ်ဦးက ဆိုသည်။

ကမ္ဘာတွင် မြန်မာနိုင်ငံရှိ မုတ္တမကွေ့ကဲ့သို့ တည်ရှိနေမှုသည် ရှားပါးပြီး မုတ္တမပင်လယ်ကွေ့ စစ်တောင်းမြစ်ဝရှိ ဒီရေအတက်အကျကို အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်များသော်လည်း လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်သည်ဟု မြန်မာ့ပထဝီအသင်း ဥက္ကဋ္ဌက ပြောသည်။

"မြန်မာနိုင်ငံမှာ အမြန်ဆုံး လုပ်နိုင်တာက နေမှဆိုလာ၊ အပူ၊ အလင်းအားဖြစ်ပါတယ်။ နောက်တစ်ခုက ဇီဝဒြပ်ထု၊ သစ်တောနဲ့စိုက်ပျိုးရေးထွက် ဇီဝလောင်စာတွေ၊ အသေးစားရေအားလျှပ်စစ်စတဲ့အရင်းအမြစ်တွေ အများကြီးရှိတဲ့အတွက် အစားထိုးစွမ်းအင်များအနေနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ပါတယ်။ ဒါပေမယ့် ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းတွေ၊ လိုအပ်တဲ့ ငွေကြေးအရင်းအနှီးတွေ၊ နိုင်ငံတကာ နည်းပညာတွေ ပံ့ပိုးပေးဖို့လိုပါတယ်"ဟု မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်က ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များတက်ရောက်ခဲ့ကြပြီး သံလွင်နှင့်မဲခေါင်မြစ်ကြောင်း အပါအဝင် အာဆီယံနိုင်ငံများရှိ မြစ်များ၏ ပြဿနာများဖြစ်လာမည့် အကျိုးဆက်များ၊ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို ဆွေးနွေးခဲ့ကြပြီး ရလဒ်များကို မတ် ၂၁ မှ ၂၃ ရက် အထိ ကျင်းပမည့် အာဆီယံပြည်သူ့ဖိုရမ်တွင် ပြန်လည်တင်ပြဆွေးနွေးသွားမည်ဟု သိရသည်။

**နန္ဒာဝင်း**

# အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့်ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်**

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ည ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
